မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ တနလာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၄၉)

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(ခမ္မပဒ-၅၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



(၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ကျင်းပ

နိုဝင်ဘာ ၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ကလော နိုဝင်ဘာ ၁၇

(၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက ကလောမြို့ မောမြေဦးပန်းခြံ မီးရှော့တိုင်ကွင်း၌ ကျင်းပသည်။

ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ကလောမြို့ ကိုးမြို့ရှင်နတ်နန်းတွင် စုရုပ်ပြုလုပ်၍ ကလောမြို့ တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း ကလောနာရီစင်မှ မီးရှော့တိုင်ကွင်းသို့ လှည့်လည်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✪

ယနေ့ ဖတ် ၈ ရာ

ရာပြည့်သဘင် ဆင်ယင်ကျင်းပတော့မည့် မြန်မာ့အင်ဂျင်နီယာပညာရေး

ဆောင်းပါး | စာ ၁၀

ကမ္ဘောဒီးယား ရေသဘင်ပွဲတော်ဖြင့် ခရီးသွား ၆ ဒသမ ၂ သန်းကျော် ဆွဲဆောင်နိုင်

နိုင်ငံတကာသတင်း | စာ ၁၃

ကျွန်တော်ချစ်သော သမဝါယမ ကောလိပ်များ



ဆောင်းပါး | စာ ၁၆



ဆောင်းခိုငှက်များကို ရှင်သန်ခွင့် ပေးကြပါ

ဇီဝစုံလင်သဘာဝဝန်းကျင် | စာ ၁၈

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၀၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင်

စာမျက်နှာ ၄ ကော်လံ ၅ ◆

လူကိုယ်တိုင်သွားရောက်၍ အခကြေးငွေကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်

မြန်မာလူမျိုးတို့ ရုံးပြင်ကနားကို ကြောက်တတ်ကြသည်မှာ ရှေးကတည်းကပင်ဖြစ်၍ ယနေ့ခေတ်အထိလည်း ကြောက်မြဲ၊ ကြောက်ဆဲတို့ ရှိကြသေးသည်။ ပဒေသရာဇ်ခေတ်နှင့် ကိုလိုနီ ခေတ်တို့တွင် ရုံးဌာနများသည် အစိုးရအုပ်ချုပ်ရေး ယန္တရားများ တွင်ပါဝင်၍ ပြည်သူများ၏ အထက်တွင်ရှိပြီး အဆိုပါယန္တရားများမှ ဝန်ထမ်းများမှာလည်း အလိုလိုနေရင်း ပြည်သူများ၏ အထက်သို့ ရောက်နေသည်ဟု ယူဆကြသည်။ အချုပ်တန်းဆရာဖေ ရေးသား သည့် တေးထပ်ထဲကဏ့်သို့ "စာဇင်တောင် ဦးချလို့၊ ပလူးရ ပြေးကြို့ခါခါ၊ ခွေးသို့ပမာ..." ဆိုသည့် အဖြစ်မျိုးမှာ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ ပြည်သူကို အာဏာပြတတ်ကြသည့် ဝန်ထမ်းဆိုးတို့ကြောင့်ဟု ရှုမြင်နိုင်သည်။ အခြားရှုထောင့်မှ ကြည့်ပါက ဗဟုသုတနည်းပါးမှု၊ ပညာနည်းပါးမှုနှင့် မိမိတို့ကိုယ်တိုင် အားနည်းချို့ယွင်းမှုတို့ကြောင့် စာဇင်ဟု ဗမာသံဖြင့် ခေါ်ဆိုခဲ့ကြ သည့် ပုလိပ်ဆာဂျင်အဆင့်မျှကို ဦးချခဲ့ကြသူများ ရှိခဲ့ခြင်းဟုလည်း ဆိုရမည်ဖြစ်သည်။

ခေတ်ကာလများ ပြောင်းလဲခဲ့ပြီးသည့်နောက် မျက်မှောက်ခေတ် တွင်မူ နိုင်ငံတော်တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်း များမှာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (Good Governance) ကို အကောင်အထည်ဖော်သူများ ဖြစ်လာသည်။ Governance ခေါ် အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံ၏ အဖွဲ့အစည်းအသီးသီးတို့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန် မှန်ကန်စွာ ကျင့်သုံးရန်နှင့် ယေဘုယျစံသတ်မှတ်ချက်များနှင့် ကိုက်ညီရန်မှာ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံ့သစ္စာကို စောင့်သိရိုသေရန်၊ တည်ဆဲဥပဒေများကို လေးစား လိုက်နာရန်၊ ပြည်သူ့အကျိုးစီးပွားကို အလေးထားရန်၊ တာဝန် ကျေပွန်ရန်နှင့် ရိုးသားဖြောင့်မတ်ရန်၊ မိမိအရည်အချင်းကို အစဉ် မြှင့်တင်နေရန်၊ အထက်အမိန့်ကို လိုက်နာရန်၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းကို ရှောင်ကြဉ်ရန်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲ သုံးစားပြု၍ ကိုယ်ကျိုးရှာလာဘ်ပေးလာဘ်ယူပြုခြင်းကို ရှောင်ကြဉ် ရန် စသည်ဖြင့် ကျင့်ဝတ်များစွာကိုလည်း လိုက်နာကြရသည်။ သို့ဖြစ်ရာ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသည့် အများပြည်သူဝန်ဆောင်မှုဆိုင်ရာဌာနများမှ ဝန်ထမ်းများမှာလည်း ပြည်သူလူထုကို ဝန်ဆောင်မှုပေးနေကြသူများဟု နားလည်ထား ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအတု၊ Unique ID (UID) အတုများဖြင့် နိုင်ငံကူးလက်မှတ် လျှောက်ပေး နေသူ ပွဲစား ၂၃ ဦးကို သက်ဆိုင်ရာက စစ်ဆေးဖော်ထုတ်ပြီး တရား စွဲဆို အမှုဖွင့်ခဲ့သည်။ ယင်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူများသို့ အသိပေးကြေညာ ချက် တစ်ရပ်ထုတ်ပြန်ခဲ့ရာ "ရုံးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ၏ မသိနားမလည်မှုအပေါ် အခွင့်ကောင်းယူ၍ ငွေကြေး ရယူ အမြတ်ထုတ်သူများအား ထိရောက်စွာ ဖော်ထုတ်အရေးယူ သွားမည် ဖြစ်ကြောင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများတွင် မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်အတူ လူကိုယ်တိုင်သွားရောက်၍ အခကြေးငွေ ကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများရှိပါက အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန၏ facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း" ဟူ၍ ဖော်ပြထားသည်။ ပြီးခဲ့သည့် မေလအတွင်းကလည်း UID ရရှိရေးအတွက် ငွေကြေး သောင်းဂဏန်းမှ သိန်းဂဏန်းအထိ ကြားပွဲစားများကို ပေး၍ ဆောင်ရွက်ကြပြီး UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုမှုများ ထွက်ပေါ်လာခြင်းကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက အသိပေးကြေညာချက်များ ထုတ်ပြန်ခဲ့ရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ခြင်း၊ Unique ID (UID) ပြုလုပ်ခြင်း၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ခြင်းတို့သည် ခဲယဉ်းသည့် အလုပ်များမဟုတ်။ လိုအပ်သည့်အချက်အလက်၊ အထောက်အထား အပြည့်အစုံဖြင့် သက်ဆိုင်ရာမြို့နယ်ရုံး၊ ဒေသအလိုက် ဖွင့်လှစ်ထား သည့် ရုံးများတွင် ကိုယ်တိုင်သွားလုပ်နိုင်သည်။ မိမိတို့သိလိုသည် များကို ဌာန၏ facebook page တွင် ကြည့်နိုင်သလို အခက်အခဲ ရှိပါကလည်း ဆက်သွယ်နိုင်သည်။ ငွေကြေးတောင်းခံမှုရှိပါက လည်း တိုင်ကြားနိုင်သည်။ နိုင်ငံရပ်ခြားသို့ပင် ထွက်ခွာကြမည့်သူ များအဖို့ ရုံးပြင်ကနား ဝင်ထွက်သွားလာရန် စိုးရွံ့မှု၊ ရုံးလုပ်ငန်း များအပေါ် မသိနားမလည်မှုတို့ကို ဖယ်ရှားကာ အသိအမြင်ဗဟု သုတပြည့်စုံစွာ ကိုယ်တိုင်လုပ်ကိုင် ဆောင်ရွက်ခြင်းအားဖြင့် ငွေကြေး ကုန်ကျဆုံးရှုံးမှုများ ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

တပ်ကုန်းမြို့၌ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

တပ်ကုန်း နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည် တော် တပ်ကုန်းမြို့နယ်တွင် မြို့နယ် MSME အသင်းနှင့် စေတနာရှင်များစုပေါင်း၍ ရေဘေး သင့်ခဲ့သော ဘုန်းတော်ကြီး ကျောင်း ၁၁ ကျောင်းအတွက် နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၇ ရက်က မြို့နယ်ဗုဒ္ဓ သာသနာပြု ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဒေါက်တာ ခင်မောင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ နေပြည်တော် MSME အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး လွင်၊ မြို့နယ် MSME အသင်း နာယကများ၊ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နုနှင့် အသင်းဝင် များ၊ စေတနာရှင်များက ရေဘေး သင့်ခံခဲ့ရသော ဘုန်းတော်ကြီး ကျောင်း ၁၁ ကျောင်းအတွက် တစ်ကျောင်းလျှင် နဝကမ္မဝတ္ထုငွေ ၁၀ သိန်းစီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

တင်စိုးလွင်

၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝ သော ပညာတတ်များ ပေါများရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်း ထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာ ကျဲကျဲ မိုးရွာနိုင်သည်။

မိုး/ဇလ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	စိုးစိုးနိုင်	သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းမှူး	-	မြင့်စိုး	အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
စာတည်းများ	-	ဝင်းကျော်၊ နေဇာဇာထွန်း	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်	အငယ်တန်း	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	-	အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ		
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့	အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



နေပြည်တော် နိဝင်ဘာ ၁၇

နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမြဲသန့်ရှင်းသာယာလှပရေး

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သံဝေဇနိယလေးဌာနအား ဘက်စုံပြုပြင်မွမ်းမံရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စေတီတော်အားလုံးသို့ ရေရှည်ရေးအတွက် ဆိုလာရောတိစနစ်ဖြင့် အသုံးပြုရေး၊ အမြဲသန့်ရှင်း သာယာလှပရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။(ယာပုံ)

ပေါင်းစပ်ညှိနှိုင်းပေး

ယင်းနောက်တက်ရောက်လာကြသူများက ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆီမီးထွန်းညှိပူဇော်

ထို့နောက် နေပြည်တော်သတ္တာသာမဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ မဏ္ဍိမခရိုးစဉ်မှတ်တမ်းဓာတ်ပုံပြခန်းနှင့် ဓမ္မာဝုံအတွင်းသို့လည်း ကောင်း၊ နေပြည်တော်-တပ်ကုန်းသွား အမှတ်(၁) လမ်းမကြီးပေါ်ရှိ တောင်ကျချောင်း ရေကျော်တွင် ရေစီးရေလာ ကောင်းမွန်ရေး ထိန်းသိမ်းဆောင်ရွက်မှု အခြေအနေများနှင့် ဓမ္မာဝုံမျက်နှာကြက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မိဂဓာဝုန်ဘေးမဲ့ဥယျာဉ်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံဝေဇနိယလေးဌာန (ပွင့်) စေတီတော်တွင် ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရွှေဖုံးမှ

ထိုသို့ မီးကြာစံ ထွန်းညှိပူဇော်လှည့်လည်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၁၉) ကြိမ်မြောက် ကလောမြို့ ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ညီညာစွာဆောင်ရွက်

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ကကလောမြို့ မီးရှော့တိုင်နှင့် မီးကြာစံ အလှပဒေသာထွန်းညှိပူဇော်ပွဲကို သာမည၀ေလအခါတော်နေ့အထိမ်းအမှတ်အဖြစ် မြတ်ဗုဒ္ဓဘုရားရှင်အား တန်ဆောင်တိုင် မီးရှော့တိုင်နှင့် မီးကြာစံအလှပဒေသာများဖြင့် နှစ်စဉ်ပူဇော်နိုင်ရန်၊ ကလောမြို့နယ်၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ပြီး ရေရှည်တည်တံ့အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်၊ ကလောမြို့၏ သဘာဝရာသီဥတုနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မြန်မာသာမက ကမ္ဘာကပါသိရှိပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်၍ မြို့နယ်၏ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရန်၊ ကလောမြို့နယ်၊ မြို့နယ်သားများ၊ လူငယ်ထုတစ်ရပ်လုံးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ရာတွင် စုပေါင်းညီညာစွာဆောင်ရွက်နိုင်မှု၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းစနစ်ကျနစွာဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ကပြဖျော်ဖြေ

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို စက်ခလုတ်နှိပ်၍ မီးပုံးပျံငယ် အလုံး ၂၀၀ လွှတ်တင်ခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်လွှတ်ပေးခြင်း၊ ပြိုင်ပွဲဝင် မီးကြာစံအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များမှ ကပြဖျော်ဖြေခြင်း၊ နိုင်ငံကျော် သရုပ်ဆောင်တေးသံရှင်များက ဖျော်ဖြေပေးကြကြောင်း သိရသည်။

ယင်းနောက် ပြိုင်ပွဲဝင် ကလောမြို့ရပ်ကွက်(၃)ကိုယ်စားပြု Kalaw-Net မီးရှော့တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်ကြသည်။(ဝဲပုံ)

ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

အဆိုပါ မီးရှော့တိုင်ပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ (၁၁) ရပ်ကွက်နှင့် ရပ်ကွက်၊ ကျေးရွာတို့မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်းနှင့် ပြိုင်ပွဲတွင် မီးရှော့တိုင် ၁၅ တိုင်ကို ညစဉ်ငါးတိုင်ဖြင့် နိဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



ဒုတိယဝန်ကြီး ဦးမြင့်စိုး မကွေးတိုင်းဒေသကြီး မင်းဘူး၊ မင်းလှမြို့နယ်တို့မှ ဝါ၊ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် အတူ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ မြန်မာနိုင်ငံ ဝါလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ကြိုင်၏ ဝါကြိတ်စက်သို့ သွားရောက်၍ မင်းဘူး၊ မင်းလှမြို့နယ်တို့မှ ဝါ၊ နေကြာစိုက် သမဝါယမအသင်းသား တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ လုပ်ငန်းလိုအပ်ချက်များဖြစ်သော ဝါမျိုးကောင်းမျိုးသန့်များ အချိန်မီရရှိရေး၊ စိုက်ဧက တိုင်းအတွက် လုံလောက်စွာရရှိရေး၊ ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေး တင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ကြည့်ရှုအားပေး

ထို့နောက် ဝါကြိတ်ဝါဖိစက်များ၊ ဆီကြိတ်စက်များဖြင့် ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာသို့ သွားရောက်ပြီး ဆင်ခေါင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးထွန်းငြိမ်း၏ လယ်မြေ ၁၀ ဧကတွင် ရုရှားရွက်ဖျန်း မြေသြဇာကို မျိုးစေ့စိမ်သည့် အဆင့်မှစ၍ အသုံးပြုစိုက်ပျိုးထားသော ၂၁ ရက်သား ရှစ်ဧကစိုက်ခင်းနှင့် ၁၅ ရက်သား နှစ်ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဓမ္မာရုံ၌ နေကြာနှင့် ဝါစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် အသင်းသား တောင်သူများထံ ရေဆင်း နေကြာစပ်မျိုးများ ပေးအပ်ပြီး တောင်သူ ဒေါ်သန်းသန်းဌေး၏ ယာမြေမှ လယ်မြေသို့ ကူးပြောင်းထားသော ကိုင်းတောလေး အရှေ့ကွင်း၊ ကွင်းအမှတ် ၁၂၈၄ တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ တောင်သူ၏ ပူးပေါင်း ဆောင်ရွက်မှုတို့ဖြင့် စက်ရေတွင်း လေးတွင်း တူးဖော်၍ ဆိုလာရေတင်စနစ် အသုံးပြုစိုက်ပျိုးထားသော ဧရာပဒေသာစပါးမျိုး ၁၂၀ ရက်သား ၁၀ ဧကကို လိုက်လံကြည့်ရှု အားပေးသည်။

သင်တန်းဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် မကွေးမြို့နယ် အိုင်ကြီးကုန်း ကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအရှည် ၁ မိုင် ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကုန်ထုတ်လမ်း ဖောက်လုပ်ပေးပြီးဖြစ်၍ ကျေးရွာရှိ မြေဧက ၁၃၀ တွင် နှမ်း၊ မြေပဲများ အောင်မြင်စွာ စိုက်ပျိုးကြရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆိုင်ကယ်ပြင် သင်တန်းဖွင့်လှစ်ပေးရေး မှာကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပေပင်ရိုး - ပုဂံမျှော် ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူများသို့ အသိပေးကြေညာချက်

လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် လဝကရုံး (ဟစ်တိုင်) ဟု အမည်ပေးထားသော Facebook Group တွင် ပွဲစားများနှင့် ချိတ်ဆက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား (အတု)၊ Unique ID (UID) အတုများဖြင့် နိုင်ငံကူးလက်မှတ် လျှောက်ထား ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ လုံခြုံရေးကို များစွာထိခိုက်စေသဖြင့် ဝန်ကြီးဌာနမှ ယင်းဖြစ်စဉ်အား စစ်ဆေးဖော်ထုတ်ခဲ့ရာ Jack But Jaxk အကောင့် ပိုင်ရှင် ချစ်မင်းခိုင်ပါ (၃) ဦးအား သက်နံးကျွန်းမြို့မရဲစခန်းတွင် လည်းကောင်း၊ Aent Hmue အကောင့်ပိုင်ရှင် အံ့မှူးပါ (၁၁) ဦးအား မင်္ဂလာဒုံမြို့မရဲစခန်းတွင်လည်းကောင်း၊ ရဲထက်စိုးပါ (၅) ဦးအား မြဝတီမြို့မရဲစခန်းတွင်လည်းကောင်း၊ သန့်ဇင်ထွန်းအား အင်းစိန်မြို့မရဲစခန်း၊ အောင်သူထက်အား စမ်းချောင်းမြို့မရဲစခန်း၊ ခင်မောင်ကျော်အား မော်လမြိုင်မြို့မရဲစခန်းနှင့် ထက်မြတ်အောင်အား ဒလ မြို့မရဲစခန်းတွင်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအမှုဖွင့်လှစ် ဆောင်ရွက်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရုံးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ၏ မသိနားမလည်မှုအပေါ် အခွင့်ကောင်းယူ၍ ငွေကြေးရယူအမြတ်ထုတ်သူများအား ထိရောက်စွာ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝက မြို့နယ်ရုံးများတွင် မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်အတူ လူကိုယ်တိုင် သွားရောက်၍ အခကြေးငွေ ကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာအခက်အခဲများ ရှိပါက အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျောက်ဆည်ခရိုင်အတွင်း အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီတစ်ပိဿာနှုန်း ရောင်းချပေး

ကျောက်ဆည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းပြီး ကျောက်ဆည် ခရိုင်အတွင်းရှိ ပြည်သူများ စားသုံးဆီ အခက်အခဲမရှိစေရေး နေ့ရက်အလိုက် သတ်မှတ်ရည်ညွှန်းဈေးများဖြင့် ရောင်းချပေးလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်က ကျောက်ဆည်၊ စဉ်ကိုင်၊ မြစ်သားမြို့နယ်များတွင် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ တစ်ပိဿာနှုန်းဖြင့် စားအုန်းဆီပိဿာ ချိန်ပေါင်း ပိဿာ ၃၂၇၀ ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချပေးသော စားအုန်းဆီများကို Resources Group Trading Co.,Ltd. မှ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဝယ်ယူခဲ့ပြီး ကျောက်ဆည်မြို့နယ် ဗလီကွင်း၊ အရှေ့ရေပြားတော၊ အနောက် ရေပြားတော၊ ပင်တလည်၊ ဈေးကုန်း၊ ဖျောက်ဆိပ်ပင်၊ ပဲခင်း၊ မြင်းကဘက်၊ ဆူးလေကုန်း၊ ကျီးအိပ်ဒွေးလှ၊ ဓာတ်တော်၊ တောင်တော်ကျေးရွာများတွင်လည်းကောင်း၊ စဉ်ကိုင် မြို့နယ် သပြေရိုး၊ နဘဲပင်၊ အနောက်ရွာသစ်၊ မြေတော်၊ တက်မျော၊ ထန်းတော၊ ဆည်ရွာ၊ ဥယျာဉ်၊ သနပ်ပင် ကျေးရွာများတွင်လည်းကောင်း၊ စဉ်ကိုင် မြို့နယ်၌ ရွှေသူဌေးရပ်ကွက်များတွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သက်မောင်
(ကျောက်ဆည်)

◆ရှေ့ဖုံးမှ

ငွေကျပ် ၇၀၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အရေးယူဆောင်ရွက်သွားမည်

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

ဝင်ရောက်ကြည့်ရှုနိုင်

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကျေးရွာသစ်တော၊
ထင်းမျောအိမ်တိုင်၊
လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့

၂၀၂၄ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက် (သောကြာနေ့) မှ ဒီဇင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

ဖြေဆိုနိုင်

အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပြီး အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီး သူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ မဟာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

သုံးဆင့်လုံး နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိ

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်သံဃနာယက အဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

ကြိုဆိုလိုက်လဲ ညီလာခံပွဲ

- တိုင်းရင်းစဉ်လာ ဆေးပညာကို ရင်မှာထွေးပိုက် သင်ကြားထိုက်ဟု ကိုက်ညီရည်သွေး သိမှတ်ပေးဖို့။
- ပညာဖွံ့ဖြိုး ခေတ်မီတိုး၍ ရိုးခံအသိ ထုတ်လုပ်မိဖို့။
- ပြည့်ဝလိမ္မာ ဆေးဆရာများ တာဝန်ပေးဆက် မွေးထုတ်မျက်ဖို့။
- ပညာမွေနှစ် ရိုးရာဖြစ်ကို ချစ်ခင်လေးစား တန်ဖိုးထားဖို့။
- ဆိုသွင်းထောက်ခံ စာတမ်းဟန်ဖြင့် မှန်စွာကုထုံး လက်တွေ့သုံး၍ နှုန်းစံတုမည် ကမ္ဘာဆီသို့။
- အိမ်နီးချင်းကပ် ဆေးအတတ်ကို ထပ်မံဖိတ်ကြား ဆွေးနွေးသွား၍ များဂုဏ်လှတင့် ညီလာခံဖွင့်။
- ညီလာမှတ်တမ်း သေချာဖမ်း၍ ထမ်းရွက်ပါဖြစ် အိုင်တီခေတ်။ ။

ညိုဝင်း(ချစ်မြေ)

"(၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုလျက်–"

တာချီလိတ်မြို့၌ လူငယ်ပရဟိတဂေဟာများရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်း

တာချီလိတ် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ဦးတင်နွယ် (စိုင်းလောဝ်ဟိန်း ကုမ္ပဏီ) မိသားစုတို့က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်စာစောင်များကို ယနေ့နံနက်ပိုင်းက ရွှေတောင်တန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ "မေတ္တာကမ္ဘာ"စာကြည့်တိုက်၊ တာချီလိတ်လူငယ် ပရဟိတဂေဟာရှိ "ပညာအလင်း" စာကြည့်တိုက်နှင့် မြို့နယ်စာရေးဆရာအသင်းရုံးရှိ "နေ့သစ်" ရည်ညွှန်းစာကြည့်တိုက်များသို့ သွားရောက်လှူဒါန်းပေးခဲ့သည်။



ထိုသို့ လူငယ်လူရွယ်များ စာအုပ်စာပေများ ဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရရှိစေရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းရာတွင် အလှူရှင် မိသားစုတို့ကိုယ်စား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြို့နယ်စာရေး ဆရာအသင်းတို့မှတာဝန်ရှိသူများက သွားရောက်လှူဒါန်းပေးရာ သက်ဆိုင်ရာ စာကြည့်တိုက် တာဝန်ခံများက လက်ခံယူသည်။

အဆိုပါ ရွှေတောင်တန်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် သားငယ် သမီးငယ် ၁၅၃ ဦး၊ တာချီလိတ်လူငယ်ပရဟိတဂေဟာတွင် သားငယ် သမီးငယ် ၅၂ ဦးတို့အား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ အခြေခံပညာ ကျောင်းများတက်ရောက် ပညာသင်ကြားစေခြင်းတို့ဖြင့် ပြုစုစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

၁၃၈၆ခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ ဆဋ္ဌမနေ့တွင် မီးပုံးပျံစုစုပေါင်း ၁၈၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်

တောင်ကြီး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ၁၃၈၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တတစ်ပတ်ကြာတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်ပွဲ၊ မသိုးသက်နိုးရက်ပြိုင်ပွဲ၊ မသိုးသက်နိုးရက်လုပ်ပူဇော်ပွဲ၊ မြို့နယ်လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲတော်၊ မီးပဒေသာလှည့်လည် ပူဇော်ပြိုင်ပွဲ၊ ဈေးပွဲတော်၊ အရောင်းမြှင့်တင်ရေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပလျက်ရှိရာ ပွဲတော်သို့ လာရောက်လည်ပတ်သည့် ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိပြီး ရင်တွင်းစကားသံများကို ယခုလိုကြားသိရသည်။

" မအေးချမ်းမိုးပါ။ တောင်ကြီးမြို့နယ်က မီးပုံးပျံ လာကြည့်တာပါ။ မီးပုံးက နေ့ဆိုရင် နေ့လွှတ်အရုပ်လေးတွေရှိတယ်။ ညဆိုရင်တော့ ညမီးကြိုးနဲ့ စိန်နားပန်စတဲ့ မီးပုံးပျံတွေကို တွေ့ရပါတယ်။ နေ့အရုပ်တွေဆိုရင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အရုပ်အစုံပေါ့။ မီးပုံးပျံတွေကတော့ အချိန်ကြာမြင့်စွာ အချိန်ယူပြီးလုပ်ရတယ်ဆိုတော့ အလွန်လည်းလှ၊ အလွန်လည်း ကြည့်လို့ကောင်းပြီး စိတ်ထဲအလွန်ပျော်ရွှင်ရပါတယ်။ ပွဲဈေးတန်းတွေလည်း ရှိပြီးတော့ နေ့အရုပ်မှာဆိုရင် ဒေါင်း၊ ကြက်တူရွေး၊ ကြက်၊ ခို၊ ဘဲ၊ တောဝက်၊ ဆင်၊ မြင်း စတဲ့ အရုပ်အစုံကို လှလှပပ မြင်တွေ့ရပါတယ်"ဟု ပြောသည်။





နေ့လွှတ်အရုပ် မီးပုံးပျံများလွှတ်တင်မှုကို တွေ့ရစဉ်။

ပွဲလာရောက်ကြည့်ရှုသူ အမျိုးသားတစ်ဦးက "ဒီတန်ဆောင်တိုင်ပွဲမှာ နေ့လွှတ်အရုပ်တွေကို လှလှပပ စည်စည်ကားကားနဲ့ လွှတ်တင်နေတာ တွေ့ရပါတယ်။ နေ့လွှတ်အရုပ်တွေကို မြင်တွေ့ရတာ ရင်သပ်ရှုမောဖွယ်ကောင်းလှပါတယ်။ လွှတ်တဲ့နေရာမှာ ကျွန်တော်အားပေးနေတာ ခြေနှစ်ချောင်း၊ ခြေလေးချောင်းစတဲ့ တစ်ရုပ်တည်း၊ အတွဲလိုက်ဆိုရင် နှစ်ကောင်တွဲ၊ သုံးကောင်တွဲနဲ့မြင်တွေ့ရပြီးတော့ တချို့အရုပ်တွေဆိုရင် မီးလောင်ပျက်စီးသွားတာတွေလည်း တွေ့ရပါတယ်။ ပရိသတ်တွေလည်း စည်စည်ကားကားနဲ့ အားရဝမ်းသာစွာ ကြည့်ရှုအားပေးနေကြတာ တွေ့ရပါတယ်"ဟု ပြောသည်။

အဆိုပါ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်တာကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၉ လုံး၊ ညမီးကြိုး မီးပုံးပျံ ၂၂ လုံး၊ နေ့လွှတ်အရုပ် မီးပုံးပျံ ၁၇၄ လုံး စုစုပေါင်း မီးပုံးပျံ ၂၇၁ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှုအားပေး

ပြည် နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ဧရာဝတီမြစ်အတွင်း ရွှေဘုံသာရေလမ်းကောင်းမွန်မှုရှိစေရေး သောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကမ်းထိုးရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ အဆိုပါရေယာဉ်ပေါ်တွင် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီမြစ်သည် အဓိကကုန်စည်စီးဆင်းရာ ရေလမ်းကြောင်းတစ်ခုဖြစ်ကာ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ်ရေလမ်းကြောင်းအတိုင်း သွားလာနိုင်ရေး အသိပေးရန်နှင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ယူမှုမရှိစေရေး ကြီးကြပ်စစ်ဆေး ဆောင်ရွက်



သွားရန် တာဝန်ရှိသူများအား မှာကြားပြီး သောင်တူးဖော်ယာဉ်သို့ တက်ရောက်၍ သောင်တူးဖော်နေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး တစ်ကွင်းတစ်ဆက်တည်း ဧက ၂၀၀၀ စံပြကွက် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ နေကြာနှင့် အစေ့ထုတ်ပြောင်းတို့ကို သီးညှပ်ထည့်သွင်း စိုက်ပျိုးသွားရန်နှင့် အခြားမြေလပ်နေရာများတွင် စားဖိုဆောင်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆိတ္တဲ-ဂျင်းရဲကျွန်း-ကျွန်းကလေး-ကျွန်းမီးကျေးရွာချင်းဆက်လမ်း ၂ မိုင်အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် ရေဝင်ကျေးရွာရှိ တောင်သူ ဦးလှငွေး၏ မိုးစပါးစံပြကွက် ၁၀ ဧက ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး (ဝဲပုံ) ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လယ်ကန်သင်းများတွင် ငှက်ပျောပင်များ၊ သီးပင်စားပင်များ စိုက်ပျိုးသွားရန်နှင့် သဘာဝမြေသြဇာကို အချိုးကျသုံးစွဲနိုင်ရေး အသိပညာပေး ပြောကြားသည်။ အဆိုပါ မိုးစပါး ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် အစိုတင်း ၁၂၉ ဒသမ ၁၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက် စုစုပေါင်း ၃၆၃၂ ဧက လျာထားစိုက်ပျိုး

တပ်ကုန်း နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီနှင့် ဟင်းသီး



ဟင်းရွက်စုစုပေါင်း ၃၆၃၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်း မြို့နယ်အတွင်း ဒေသခံတောင်သူများ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး အတွက် မျိုးကောင်းမျိုးသန့်များသုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ အထွက်နှုန်းရရှိရေး၊ နည်းပညာရပ်များ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင်သီးနှံများကို စိုက်ပျိုးကြရေး စည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တပ်ကုန်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက် လျာထား စိုက်ပျိုးမှုအနေဖြင့် ကြက်သွန်နီ ၈၇၄ ဧက၊ ဟင်းသီးဟင်းရွက် ၂၇၅၈ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းသီးနှံဖူလုံရေး အတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၄၅၉ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၄၅၉ ဧကအထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်းသီးနှံ ၃၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထား စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ယခုနှစ်အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ပဲလွမ်း ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲလွမ်းသီးနှံ ၃၂၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ပဲလွမ်းသီးနှံ ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီဖို့နဲ့ သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်။ ပဲလွမ်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင်၊ စိုက်နည်းစနစ်တွေမှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးပါတယ်။ ဒီဒေသက စိုက်ပျိုးမြေကောင်းမွန်ပြီး စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီများတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲလွမ်းသီးနှံစိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရပြီး ယခင်နှစ် ဆောင်းသီးနှံ ရာသီတွင် ပဲလွမ်းသီးနှံ ၃၂၃၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သတ်မှတ်လျာထားဧကကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကာ သီးနှံအထွက်နှုန်းအနေဖြင့် တစ်ဧက ၁၄ ဒသမ ၉၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ညောင်ဦးမြို့နယ်၌ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျော စိုက်ပျိုးမှုများလာ

ညောင်ဦး နိုဝင်ဘာ ၁၇

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာ အုပ်စုအတွင်း မြေအောက်ရေတူးဖော်ကာ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောများ ဈေးနှုန်းကောင်းခြင်းနှင့် အတူ ဖီးကြမ်းငှက်ပျော စိုက်ပျိုးတောင်သူ များလာကြောင်း ဖီးကြမ်းငှက်ပျောစိုက် တောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက် တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းကို တပေါင်းလ၊ တန်ခူးလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ လက်ပံခြေပေါ်အုပ်စု ကျေးရွာများသည် ငှက်ပျော စိုက်ပျိုးကြရာတွင် ဖီးကြမ်းငှက်ပျော တစ်မျိုးတည်းသာ စိုက်ပျိုးကြပြီး ငှက်ပျောပေါ်ချိန်တွင်လည်း ဖီးကြမ်းငှက်ပျောသာ ရောင်းအားပိုပြီး ဈေးနှုန်းရရှိခြင်းကြောင့် ရခိုင်ငှက်ပျောစိုက်ပျိုးမှု မရှိသလောက်ဖြစ်ကြောင်း ငှက်ပျောစိုက် တောင်သူ ဦးအောင်ငွေးက ပြောသည်။ ဖီးကြမ်းငှက်ပျော စိုက်ပျိုးရာတွင် တစ်ပင်တစ်ကျင်း စိုက်ပျိုးခြင်း၊ တစ်ကျင်းနှစ်ပင် စိုက်ပျိုးခြင်း၊ ကွက်စိပ်ချစိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်း စိုက်ပျိုးသည့် သူများက ငှက်ပျောသားတက် မထားကြဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ကြကြောင်း၊ တစ်ကျင်း နှစ်ပင်စိုက် တောင်သူများမှာမူ ငှက်ပျောသားတက် တစ်ပင် တစ်တက်ထားပြီး စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောပေါ်ချိန်သည်လည်း စိုက်ပြီး ဆယ်လ၊ ဆယ့်တစ်လတွင် ပေါ်ကြောင်း၊ ထွက်ရှိလာသည့်



ဖီးကြမ်းငှက်ပျောများကို ညောင်ဦး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း ပွဲစားများက ငှက်ပျောခြံအထိ လာရောက် ဝယ်ယူကြကြောင်း နှင့် လက်ပံခြေပေါ်အုပ်စုအတွင်း ကျေးရွာများ မြေအောက်ရေအသုံးပြု၍ ဖီးကြမ်းငှက်ပျောစိုက် တောင်သူ များလာကြောင်း၊ ဖီးကြမ်းငှက်ပျောတစ်ဖီး ကျပ် ၂၀၀၀ မှ ၂၅၀၀ အထိ ရောင်းချရခြင်းက ငှက်ပျောစိုက်ပျိုး တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းလည်းဖြစ်ကြောင်း သိရသည်။

ဒီပါလင်း



❏ နိုင်ငံဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူ ခံရနိုင်ပါသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်လပြည့်နေ့၌ ခရီးသွားများဖြင့် အထူးစည်ကားခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်လပြည့်နေ့၌ ဘုရားဖူးခရီးသွား ပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

အေးချမ်းသာယာ

"တန်ဆောင်တိုင်ပွဲတော်ကာလမှာ လပြည့်နေ့ဟာ ဘုရားဖူးခရီးသွားတွေနဲ့ အထူးစည်ကားခဲ့ပါတယ်။ ပုဂံကို ပြည်တွင်းခရီးသွားတွေသာမက ပြည်ပခရီးသွားတွေလည်း အခုလကစပြီး အုပ်စုလိုက် စဝင်နေပါပြီ။ ပုဂံယဉ်ကျေးမှုဒေသဟာ အေးချမ်းသာယာပါတယ်။ ဒေသခံတွေကလည်း ပြည်တွင်းပြည်ပခရီးသွားတွေကို အမြဲတမ်းနွေးထွေးလှိုက်လှဲစွာကြိုဆိုဖိတ်ခေါ်နေပါတယ်"ဟု ထီးလိုမင်းလိုဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ပုဂံဒေသ၏ ခရီးသွားဝန်ဆောင်မှု ကဏ္ဍသည် ပုဂံဒေသခံပြည်သူများ၏ လူမှုစီးပွားနှင့် အလုပ်အကိုင်အခွင့် အလမ်းကို များစွာအထောက်အကူပြု လျက်ရှိသည်။

"ဒီနှစ်တန်ဆောင်တိုင်ပွဲတော်ကာလမှာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရှိတယ်။ ပြီးတော့ နေပြည်တော်၊ ပဲခူးစသည်ဖြင့် နေရာဒေသတော်တော်များများမှာ ပွဲတော်တွေ စည်စည်ကားကားကျင်းပခဲ့တဲ့အတွက် ပုဂံကို လာတဲ့ခရီးသည်က ပျံ့ဝင်တဲ့သဘောတော့ရှိတယ်။ ဒါပေမယ့် တန်ဆောင်တိုင်လပြည့်နေ့မှာတော့ စည်ကားခဲ့တယ်။ ဒေသခံတွေ အရောင်းအဝယ်တွေ အဆင်ပြေကြတယ်။ ကျွန်တော်တို့လို လက်ပန်းချီဆွဲတဲ့ ဆိုင်တွေအားလုံး ခရီးသွားတွေ အပြည့်ရတယ်။ ပြီးတော့ ပြည်ပခရီးသွားတွေ ဝင်ရောက်လည်ပတ်တာ မြင်ရတော့ ပိုပြီးဝမ်းသာရပါတယ်။ ခရီးသွားဝန်ဆောင်မှုနဲ့ ရပ်တည်နေရတဲ့ ဒေသဖြစ်တဲ့အတွက် ခရီးသည်တွေ လာရင် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု လက်ပန်းချီရေးဆွဲသူ ကိုဇေယျာသန်းက ပြောသည်။

ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသွားများသည် အမှတ်တရပစ္စည်း ဝယ်ယူခြင်းအပြင် လက်ပန်းချီဆွဲခြင်း၊ မြင်းလှည်းစီးခြင်းတို့ကို အများဆုံးပြုလုပ်လေ့ရှိပြီး လူငယ်များက ပို၍ လက်ပန်းချီရေးဆွဲလေ့ရှိကြောင်း သိရသည်။

ဘုရားပွဲတော်ကာလ

ပုဂံယဉ်ကျေးမှုဒေသတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလသည် ခရီးသွားဝင်ရောက်မှုများသော အချိန်ကာလဖြစ်ပြီး လာမည့်နှစ်တော်လတွင် ကျင်းပသည့် အလိုတော်ပြည့် ဘုရားပွဲတော်ကာလနှင့် ပြာသိုလတွင် ကျင်းပသည့် အာနန္ဒာဘုရားပွဲတော်ကာလတို့သည်လည်း ရပ်နိုးရပ်ဝေး ခရီးသွားများဖြင့် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး



ကမမောင်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလေ့ကျင့်

ကမမောင်း နိုဝင်ဘာ ၁၇

ကရင်ပြည်နယ် ကမမောင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကမမောင်းမြို့ သံလွင်ဦးမြို့မစျေးခွံ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖာပွန်ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးပေါ်ပေါက်လာပါက မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးသုံးစွဲပုံ နည်းစနစ်များ လက်တွေ့သရုပ်ပြသသင်ကြားပေးပြီး ကမမောင်းမြို့ စျေးသူ စျေးသားများက လေ့ကျင့်ဆောင်ရွက်ကြသည်။

အဆိုပါသရုပ်ပြလေ့ကျင့်ရာသို့ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် စျေးသူ စျေးသားများ တက်ရောက်ကြကြောင်း သိရသည်။

ကမမောင်း(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရေး အသိပညာပေး

သာပေါင်း နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့က ပြည်သူများကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ လျော့နည်းသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း



ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်းတို့ကို နိုဝင်ဘာ ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာစျေး အတွင်း၊ အပြင်၌ ဆောင်ရွက်သည်။

ထိုသို့အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များ မသုံးစွဲရေးအသိပေးလှုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာစျေးရှိ စျေးရောင်းချသူများ အနေဖြင့် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူတို့ဖြင့် စသည့် သင့်လျော်ရာ အစားထိုးထုပ်ပိုးသုံးစွဲစေရေးအတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်စပီကာများနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်ပေးနိုင်ရေး နှိုးဆော်ပြီး လိုက်လံစီစစ်ကြပ်မတ်ရာ ပြည်သူများက ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာပေါင်း (ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

နတ်တလင်းမြို့နယ်၌ (၄၈)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နတ်တလင်း နိုဝင်ဘာ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ (၄၈)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး၏ညွှန်ကြားမှုဖြင့် နိုဝင်ဘာ ၁၆ ရက် မွန်လွဲပိုင်းက စည်ကားသိုက်မြိုက်စွာကျင်းပသည်။



ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို မြို့နယ်သံဃနာယက အဖွဲ့ဆရာတော်ကြီးများ အပါအဝင် နတ်တလင်းမြို့နယ် ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ကျောင်းထိုင်ဆရာတော်ကြီး ၁၂၁ ပါးတို့အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များက ဆန်အိတ် ၁၃၈ အိတ် (တန်ဖိုးငွေကျပ် ၁၁၇၃၀၀၀၀)၊ လှူဖွယ်ပစ္စည်း တန်ဖိုးငွေကျပ် ၁၄၄၉၃၅၀၊ ငွေသားတန်ဖိုးငွေကျပ် ၆၄၅၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၈၂၄၃၅၀ တို့ကို စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို သက္ကမဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက်မှ ဘုရားကြီးနတ်လမ်းတစ်လျှောက် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

မိုင်းယောင်း နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နံနက်ပိုင်း၌ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော် အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဘဒ္ဒိယ အား မိုင်းဖြတ်မြို့ တပ်မတော်ဆေးရုံသို့ ဆေးကုသမှုခံယူရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

ထို့နောက် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ကို စစ်ဆေး၍ အဆိုပါရပ်ကွက်၌ ရှောင်တခင်ဧည့်စာရင်း စစ်ဆေးပြီး အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်နှင့် အမှတ်(၇) ရပ်ကွက်တို့တွင် FL-12 လိုင်စင်ရယစ်မျိုးဆိုင်ကို ဥပဒေနှင့်အညီ ရောင်းချမှုရှိ မရှိ မြို့နယ် Task Force အဖွဲ့နှင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်

ညောင်ဦး နိုဝင်ဘာ ၁၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းနေ့လျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ယမန်နေ့က ဆာကူရာမီးပွိုင့်မှ စတင်၍



ပုဂံမြို့သစ်သွားကားလမ်းမှ စိမ်းညက်ညီမဘုရားအထိ ဘေးဝဲယာတစ်လျှောက် ပလတ်စတစ်အမှိုက်များ၊ ဖောဘူးခွံများ၊ ကောက်ယူသန့်ရှင်းရေးပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှအသင်းသား အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှဝန်ထမ်းများသည် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ဆာကူရာလမ်းဆုံမှ စိမ်းညက်ညီမဘုရားအထိ လမ်းဘေးဝဲယာတစ်လျှောက်နှင့် ရေကျော်များအောက် လျှိုခြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖောဘူးခွံများ ကောက်ယူရှင်းလင်းခြင်းကို ပလတ်စတစ်အမှိုက်ကင်းစင်ရေး လိုက်လံကောက်ယူကြကြောင်း သိရသည်။

ဒီပါလင်း

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလမ်းစေရမည်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ဖုန်းချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၄၄၅၂၊ ၀၂- ၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၃ - ၂၀၂၃၉၃၅၊ ၀၅၃- ၂၀၂၃၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၄၄၅၀၊ ၀၈၁- ၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

မြိတ်မြို့၌ Grade- 11 နှင့် Grade- 12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

မြိတ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Grade- 11 နှင့် Grade- 12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့က အထက(၁)မြိတ် ပညာဗိမာန်ခန်းမ၌ ဖွင့်လှစ်သည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို Grade-11 နှင့် Grade-12 တွင် သင်ကြားပို့ချနေကြသည့် အခြေခံပညာ ဆရာ ဆရာမများအား ဥပဒေပညာရပ်များကို သိရှိနားလည်ပြီး ဤဥပဒေဘာသာရပ် ဆရာဖြစ်သင်တန်းပြီးမြောက်ပါက ဆရာ ဆရာမများ၏ မှန်ကန်သော နည်းလမ်းပြသမှုဖြင့် ကျောင်းသားလူငယ်များသည် ဥပဒေစည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာ ကျင့်သုံးတတ်လာစေပြီး ကျောင်းနှင့် လူမှုပတ်ဝန်းကျင် နေ့စဉ်ဘဝတွင် အကောင်းအဆိုး အကြောင်းအကျိုးကို မှန်ကန်စွာ ဝေဖန်ပိုင်းခြားလာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်း ဖြစ်သည်။

သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ရာဇသတ်ကြီး၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေများကို မြိတ်ခရိုင် ဥပဒေအရာရှိဦးအေးမင်းနှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများက ဆွေးနွေးသင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကားပြောကြားပြီး သင်တန်းကို သင်တန်းသား ဆရာ ဆရာမ ၅၆ ဦးတက်ရောက်ကာ နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ထူး (ပြန်/ဆက်)



နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/၈လ



မင်းဘူးမြို့ မှန်ကင်းပရိယတ္တိစာသင်တိုက်အတွင်း ဝတ်ကြီးလိုဏ်ဂူမှ နံရံဆေးပန်းချီများ ရှေးမူလက်ရာအတိုင်း ပြုပြင်နိုင်ရန် ရှင်လင်းဆောင်ရွက်

မင်းဘူး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မှန်ကင်းပရိယတ္တိစာသင်တိုက်အတွင်း ဝတ်ကြီးလိုဏ်ဂူမှ ပျက်စီးယိုယွင်းနေသော ရှေးခေတ်နံရံဆေးပန်းချီများ ပြန်လည် ပြုပြင်နိုင်ရန် အမှိုက်သရိုက်နှင့် ချဲန္ဒယ်များကို ယမန်နေ့က ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီ၌ ပြည်တွင်း ပြည်ပမှ ခရီးသွားများ၊ မင်းဘူးမြို့နယ်အတွင်းမှ တန်ခိုးကြီးဘုရားများနှင့် အထင်ကရ နေရာများနည်းတူ ဝတ်ကြီးလိုဏ်ဂူလည်း ဝင်ရောက်ကြည့်ရှုကြမည်ဖြစ်ရာ လိုဏ်ဂူအတွင်းမှ ပျက်စီးယိုယွင်းနေသော ရှေးခေတ်နံရံဆေးပန်းချီများကို ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်နိုင်ရန် လိုဏ်ဂူပရိဝုဏ်အတွင်း ပေါက်ရောက်နေသော ချဲန္ဒယ်များ၊ မြက်ပင်နှင့် အမှိုက်သရိုက်များကို ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ကြသည်။ **(အပေါ်ပို့)**

ယင်းသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ အဖွဲ့ဝင်အင်အား ၁၀၀ ခန့်ဖြင့် လိုဏ်ဂူအဝင်လမ်း၊ အမိုးပေါ်နှင့် လိုဏ်ဂူဘေးပတ်ပတ်လည်ကို ရှင်းလင်းဆောင်ရွက်ကြပြီး ထိုကဲ့သို့ ဆောင်ရွက်ခြင်းကို အခြေအထင်ကရ နေရာများတွင်လည်း ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

ဇေယျာထက်(မင်းဘူး)

ညအပူချိန် လျော့နည်းခဲ့သော စခန်းများ၏ ၁၇-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

မြို့အမည်	ဒီဂရီဆဲလ်စီးယပ်	ဒီဂရီ ဖာရင်ဟိုက်
ဟားခါးမြို့	၁.၀	၃၃.၈
ပြင်ဦးလွင်မြို့	၇.၀	၄၄.၆
နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)	၇.၁	၄၄.၈
တီးတိန်မြို့	၇.၃	၄၅.၁
လွိုင်လင်မြို့	၈.၇	၄၇.၇
ဟဲဟိုးမြို့	၉.၂	၄၈.၆
မိုင်းယန်းမြို့	၁၀.၀	၅၀.၀

ရာပြည့်သဘင် ဆင်ယင်ကျင်းပတော့မည့် မြန်မာ့အင်ဂျင်နီယာပညာရေး

ခန့်ဇော်(ကျေးလက်)

၁၉၂၄ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးသည် မကြာမီရက်ပိုင်း အတွင်း နှစ် (၁၀၀) ပြည့်မြောက်တော့မည်ဖြစ်ပြီး ရာပြည့်သဘင်ကျင်းပရန် အင်ဂျင်နီယာအသိုက်အဝန်းတစ်ခုလုံး တကိုတက်ကြွကြွ လှုပ်ရှားလုပ်ကိုင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်ကျင်းပရေး ဦးစီးကော်မတီတွင် စာရေးသူလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရခဲ့သည်။ ပါဝင်ခွင့်ရလို့လည်း ဝိတိဖြစ်မိသည်။ ဦးစီးကော်မတီမှဦးဆောင်ပြီး လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ရာပြည့်သဘင်အခမ်းအနားစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး အကြိမ်ကြိမ် ညှိနှိုင်းကြ၊ ဆွေးနွေးကြ၊ ဆောင်ရွက်ကြဖြင့် အားရဖွယ် တွေ့မြင်ခဲ့ရပါသည်။ ရာပြည့်သဘင်အခမ်းအနားတွင် အင်ဂျင်နီယာနည်းပညာနှင့် ပညာရေးဖိုရမ် **(Engineering Technology and Education Forum)**လည်း ကျင်းပမည်ဖြစ်ရာ ဖိုရမ်၏ Main Theme ဖြစ်သည့်ဆောင်ပုဒ်ကို တာဝန်ရှိသူများက ဦးစွာ စဉ်းစားဆွေးနွေးဖြစ်ကြသည်။

ဖိုရမ်ဆောင်ပုဒ်

သက်ဆိုင်သူအစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ အကြံပြုချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့သည့် ဆောင်ပုဒ်က တော့...

“အင်ဂျင်နီယာနှင့် နည်းပညာစွမ်းဖကားများဖြင့် ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ တည်ဆောက်ကြပါစို့”

“Creating the Brighter Future of Myanmar together by the strength of Engineering & Technology” ဟူ၍ ဖြစ်ပါသည်။

ဆောင်ပုဒ်၏အဓိပ္ပာယ်မှာ အင်ဂျင်နီယာများ အနေဖြင့် ပိုမိုတောက်ပကောင်းမွန်သည့် မြန်မာနိုင်ငံ၏ အနာဂတ်ကို အတူတကွတည်ဆောင်ကြရန်ဖြစ်ပါသည်။ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့်မရ၊ ပူးပေါင်းဆောင်ရွက်မှ ရနိုင်မည်ကို မီးမောင်းထိုးပြလိုသည့်အတွက် အတူတကွဟု ဆိုထားခြင်းဖြစ်ပါသည်။ အတူတကွ ကြိုးစားကြရပါမည်။ သေသေချာချာ လေ့လာကြည့်သည့်အခါ အင်ဂျင်နီယာပညာရပ်နှင့် ကင်းကွာသည့် နယ်ပယ်ဟူ၍ မရှိသည်ကို အံ့သြဖွယ်တွေ့ရှိရပါသည်။

အင်ဂျင်နီယာပညာရပ်များနှင့် ဆက်နွယ်ရာနယ်ပယ်ကဏ္ဍများ

အမှတ်တမဲ့ကြည့်လျှင် တည်ဆောက်ရေး၊ ထုတ်လုပ်မှုနှင့် နည်းပညာကဏ္ဍများနှင့်သာ ဆက်စပ်မည်ဟု ထင်ဖွယ်ရာရှိသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှသည် စီမံခန့်ခွဲမှုနယ်ပယ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သခ္ခါရပညာ၊ စစ်ပညာတို့အပါအဝင် အထည်အလိပ်၊ သတ္တု၊ ဆေးဝါး၊ မြို့ပြ၊ လျှပ်စစ်၊ ရေကြောင်း၊ လေကြောင်းတို့အဆုံး လူမှုဘဝပတ်ဝန်းကျင်ရှိ ရှင်သန်ရပ်တည်မှုအရာရာသည် အင်ဂျင်နီယာပညာရပ်များနှင့် နှီးနွယ်နေခဲ့သည့်အပြင် အင်ဂျင်နီယာဘာသာရပ်များအနေဖြင့်လည်း အမျိုးခွဲများစွာရှိနေသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝန်း ဘွဲ့၊ ဒီဂရီ(Degree) များ ပေးအပ်လျက်ရှိသည့် အင်ဂျင်နီယာပညာ

“အင်ဂျင်နီယာပညာရှင်များအနေဖြင့် လူသားများ လုံခြုံခြေနေးထွေးစွာနေထိုင်နိုင်ရန်၊ သဘာဝဘေးများမှ ကာကွယ်နိုင်ရန် အဆောက်အအုံများ တည်ဆောက်ပေးနိုင်သကဲ့သို့ တစ်နေရာမှတစ်နေရာ၊ ဒေသတစ်ခုမှတစ်ခုနှင့် ကမ္ဘာတစ်ဝန်းကို ဆက်သွယ်သွားလာနိုင်မည့်လမ်းများ၊ တံတားများ၊ ရထားလမ်းများ၊ ဗောက်လုပ်ပေးနိုင်သည်။ ထိုလမ်း၊ တံတားများပေါ် အသုံးပြုသွားလာမည့် ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်များကို တီထွင်တည်ဆောက်ပေးနိုင်သည်။ ဆက်သွယ်ရေးနည်းပညာဖြင့် ဆက်သွယ်ပြောဆို၍ရအောင်၊ ရုပ်မြင်အသံကြားရအောင်၊ သတင်းအချက်အလက်များ ပေးပို့နိုင်အောင် ဖန်တီးပေးနိုင်”

ရပ်ပေါင်း ၅၀ ကျော်အထိရှိပြီး အဓိကအနေဖြင့်မူ မြို့ပြ၊ စက်မှု၊ လျှပ်စစ်စွမ်းအား၊ အီလက်ထရွန်နစ်၊ သဘာဝပတ်ဝန်းကျင် လေကြောင်း/ အာကာသ ပညာ၊ ကွန်ပျူတာ၊ ဓာတု၊ ချည်မျှင်နှင့် အထည်အလိပ်၊ သတင်းအချက်အလက်နည်းပညာ၊ စက်မှုလျှပ်စစ်၊ ဓာတ်သတ္တုတူးဖော်ရေး၊ ရေနံ၊ သတ္တုဗေဒ၊ ဇီဝနည်းပညာ၊ ဗိသုကာ၊ ဘူမိဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သခ္ခါရ၊ ရေကြောင်းပညာ၊ စိုက်ပျိုးရေး စသည်ဖြင့် အမျိုး ၂၀ ကျော်ခန့် ရှိပါသည်။ ယင်းတို့အောက်တွင် ဘာသာရပ်ခွဲပေါင်းများစွာ ရှိသေးသည်ကို တွေ့ရသည်။

ကွန်ပျူတာအင်ဂျင်နီယာဆိုပါလျှင် ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ၊ Hardware အင်ဂျင်နီယာ၊ Software အင်ဂျင်နီယာ စသည်ဖြင့် အခွဲများစွာ ရှိသေးသည်။ ဇီဝနည်းပညာဆိုလျှင်လည်း ဇီဝဆေးပညာအင်ဂျင်နီယာ၊ ဇီဝဗေဒအင်ဂျင်နီယာ၊ ဇီဝဓာတုအင်ဂျင်နီယာ စသည်ဖြင့် ရှိသေးသည်။ အခြားဘာသာရပ်များဖြစ်သော ဆေးဝါးဗေဒ ဆိုင်ရာအင်ဂျင်နီယာ၊ စီမံခန့်ခွဲမှုအင်ဂျင်နီယာ၊ ထုတ်လုပ်မှုအင်ဂျင်နီယာစသည်... စသည်တို့ကလည်း မနည်းမနေ။ ချုပ်၍ဆိုရလျှင်မူ အင်ဂျင်နီယာပညာရပ်အားလုံးသည် လူသားအကျိုးပြု၊ နိုင်ငံအကျိုးပြုပညာရပ်များချည်း ဖြစ်သည်ဟုသည့် အချက်ပင်တည်း။

အင်ဂျင်နီယာပညာရှင်များအနေဖြင့် လူသားများ လုံခြုံခြေနေးထွေးစွာနေထိုင်နိုင်ရန်၊ သဘာဝ ဘေးများမှ ကာကွယ်နိုင်ရန် အဆောက်အအုံများ တည်ဆောက်ပေးနိုင်သကဲ့သို့ တစ်နေရာမှ

“လက်ရှိအချိန်တွင် နည်းပညာတက္ကသိုလ် ၂၇ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ကျောင်း၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တစ်ကျောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တစ်ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်းနှင့် Polytechnic University များကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်ရန်လျာထား”

တစ်နေရာ၊ ဒေသတစ်ခုမှတစ်ခုနှင့် ကမ္ဘာတစ်ဝန်းကို ဆက်သွယ်သွားလာနိုင်မည့်လမ်းများ၊ တံတားများ၊ ရထားလမ်းများ၊ ဗောက်လုပ်ပေးနိုင်သည်။ ထိုလမ်း၊ တံတားများပေါ် အသုံးပြုသွားလာမည့် ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်များကို တီထွင်တည်ဆောက်ပေးနိုင်သည်။ ဆက်သွယ်ရေးနည်းပညာဖြင့် ဆက်သွယ်ပြောဆို၍ရအောင်၊ ရုပ်မြင်အသံကြားရအောင်၊ သတင်းအချက်အလက်များ ပေးပို့နိုင်အောင် ဖန်တီးပေးနိုင်သည်။

လူတို့၏ဝတ်စားဆင်ယင်မှုအတွက် အထည်အလိပ်များ တီထွင်ထုတ်လုပ်နိုင်သည့်အပြင် လူသားတို့ အဝတ်အထည်အစားအသောက် ဖူလုံစွာရရှိရေး၊ ဘေးကင်းစွာထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများ၊ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရေးအတွက် ထိရောက်မှုရှိသော အရည်အသွေးမြင့် စက်ကိရိယာများကိုလည်း ထုတ်လုပ်ပေးနိုင်သည်။ နယ်ပယ်စုံကဏ္ဍစုံအတွက် အရေးကြီးသည့်စက်ပစ္စည်းများထုတ်လုပ်ပြီး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်သည့်အပြင် ရေအရင်းအမြစ် သိုလှောင်သိမ်းဆည်းနိုင်ရန်၊ ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရန် ဆည်များ၊ ရေကာတာများ တည်ဆောက်ပေးနိုင်သည်။ မြေပေါ်သာမက မြေအောက်ရှိ တွင်းထွက်သယံဇာတများကို လူသားတို့ အကျိုးရှိစွာအသုံးချနိုင်ရန် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည်။

မြို့ပြများ၊ ကျေးရွာများ တည်ဆောက်ရာတွင် လိုအပ်သည့် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စက်ရုံအလုပ်ရှိများအတွက် လိုအပ်သည့်ရေနှင့် လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ပေးနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း နည်းပညာပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်ပြန်ပါသည်။ လူသားတို့အတွက် မရှိမဖြစ်သော သန့်စင်သည့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ပါသည်။ စက်ရုံအလုပ်ရှိများမှထွက်ရှိသည့် ရေဆိုးအညစ်အကြေးများကို သန့်စင်ပေးနိုင်သကဲ့သို့ လူမှုဝန်းကျင်အတွက် လူနေအဆိမ်များ၊ ကျောင်းများ၊ ဆေးပေးခန်းများ၊ ဆေးရုံများ တည်ဆောက်ပေးနိုင်ပြီး ယင်းတို့မှ ထွက်ရှိသည့် အညစ်အကြေးများကိုလည်း သန့်စင်ပေးနိုင်သည်ပင်။

ဤသို့နယ်ပယ်စုံ၊ ကဏ္ဍစုံကို အကျိုးပြုနိုင်သည့် အင်ဂျင်နီယာပညာရပ်များ၏အစ အင်ဂျင်နီယာပညာရေးသည် စာရေးသူတို့နိုင်ငံတွင် ၁၉၂၄ ခုနှစ်၏ ရှေးဦးကပင် ရှိခဲ့ပြီဟု ဆိုရပါမည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်း စတင်အခြေတည်ခြင်း

အင်းစိန်စက်မှုလက်မှုပညာ သင်ကျောင်းများ ပေးပို့နိုင်အောင် ဖန်တီးပေးနိုင်သည်။

လူတို့၏ဝတ်စားဆင်ယင်မှုအတွက် အထည်အလိပ်များ တီထွင်ထုတ်လုပ်နိုင်သည့်အပြင် လူသားတို့ အဝတ်အထည်အစားအသောက် ဖူလုံစွာရရှိရေး၊ ဘေးကင်းစွာထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများ၊ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရေးအတွက် ထိရောက်မှုရှိသော အရည်အသွေးမြင့် စက်ကိရိယာများကိုလည်း ထုတ်လုပ်ပေးနိုင်သည်။ နယ်ပယ်စုံကဏ္ဍစုံအတွက် အရေးကြီးသည့်စက်ပစ္စည်းများထုတ်လုပ်ပြီး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်သည့်အပြင် ရေအရင်းအမြစ် သိုလှောင်သိမ်းဆည်းနိုင်ရန်၊ ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရန် ဆည်များ၊ ရေကာတာများ တည်ဆောက်ပေးနိုင်သည်။ မြေပေါ်သာမက မြေအောက်ရှိ တွင်းထွက်သယံဇာတများကို လူသားတို့ အကျိုးရှိစွာအသုံးချနိုင်ရန် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည်။

မြို့ပြများ၊ ကျေးရွာများ တည်ဆောက်ရာတွင် လိုအပ်သည့် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စက်ရုံအလုပ်ရှိများအတွက် လိုအပ်သည့်ရေနှင့် လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ပေးနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း နည်းပညာပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်ပြန်ပါသည်။ လူသားတို့အတွက် မရှိမဖြစ်သော သန့်စင်သည့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ပါသည်။ စက်ရုံအလုပ်ရှိများမှထွက်ရှိသည့် ရေဆိုးအညစ်အကြေးများကို သန့်စင်ပေးနိုင်သကဲ့သို့ လူမှုဝန်းကျင်အတွက် လူနေအိမ်များ၊ ကျောင်းများ၊ ဆေးပေးခန်းများ၊ ဆေးရုံများ တည်ဆောက်ပေးနိုင်ပြီး ယင်းတို့မှ ထွက်ရှိသည့် အညစ်အကြေးများကိုလည်း သန့်စင်ပေးနိုင်သည်ပင်။

ဤသို့နယ်ပယ်စုံ၊ ကဏ္ဍစုံကို အကျိုးပြုနိုင်သည့် အင်ဂျင်နီယာပညာရပ်များ၏အစ အင်ဂျင်နီယာပညာရေးသည် စာရေးသူတို့နိုင်ငံတွင် ၁၉၂၄ ခုနှစ်၏ ရှေးဦးကပင် ရှိခဲ့ပြီဟု ဆိုရပါမည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်း စတင်အခြေတည်ခြင်း

အင်းစိန်စက်မှုလက်မှုပညာ သင်ကျောင်း Government Engineering School အဖြစ် ၁၈၉၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ လမ်းမတော်ဘူတာရုံအနောက်ဘက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် အဆိုပါနေရာမှ အင်းစိန်ဘူတာအရှေ့ဘက်သို့ နေရာပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ထိုစဉ်က Government School of Engineering ဟု ခေါ်ဆိုခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၉၀၈ ခုနှစ်တွင် အင်းစိန်ရွာမရှိ ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Government School of Engineering and Technical High School ဟု ခေါ်ဆိုခဲ့သည်။ ၁၉၁၂ ခုနှစ်မှစ၍ Government Technical Institute- GTI ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြောင်း သိရှိရသည်။

အင်ဂျင်နီယာပညာဌာနဟူ၍ တိတိပပ ပေါ်ပေါက်လာသည်ကတော့ ၁၉၂၄ ခုနှစ်မှ ဖြစ်သည်။ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အင်ဂျင်နီယာပညာရေး၏အစတွင် အချို့သော လက်တွေ့သင်ကြားမှုများကို အင်းစိန်စက်မှုလက်မှုသိပ္ပံရှိ အလုပ်ရုံများတွင် သင်ကြားပြသခဲ့ကြောင်း သိရှိရပါသည်။

မြို့ပြအင်ဂျင်နီယာသင်တန်း စတင်ဖွင့်လှစ်ခြင်းနှင့် နှစ် (၁၀၀) အတွင်း မြန်မာအင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်

၁၉၂၃-၁၉၂၄ အထိ။	ရန် ကု နှ တ က္ကသို လ် တွ င် အင်ဂျင်နီယာဌာန Department of Engineering ဖွင့်လှစ်ခဲ့သည်။
၁၉၂၄-၁၉၂၅အထိ။	မြို့ပြင်းအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ် သင်ကြားခဲ့ပါသည်။
၁၉၂၇ ခုနှစ်။	ရန်ကုန်တက္ကသိုလ် အတွင်း၌ပင် BoC College of Mining and Engineering အဆောက်အအုံ အမည်ဖြင့် သီးခြားခွဲထွက်ခဲ့သည်။
၁၉၄၆ ခုနှစ်။	Department of Engineering အား Faculty of Engineering အဖြစ် အဆင့်တိုးဖြင့် ခဲ့ပါသည်။
၁၉၆၁ ခုနှစ်။	အင်းစိန်၊ ကြို့ကုန်းရှိ စက်မှုတက္ကသိုလ် (ယခု ရန်ကုန်နည်းပညာတက္ကသိုလ်) သို့ ပြောင်း ရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။
၂၀၂၄ ခုနှစ်။	လက်ရှိအချိန်တွင် နည်းပညာတက္ကသိုလ် ၂၇ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ကျောင်း၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်တစ်ကျောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တစ်ကျောင်း အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်းနှင့် Polytechnic University များကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်ရန် လျာထားကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနထံမှ သိရှိရပါသည်။

စာမျက်နှာ ၁၁ သို့

နမ့်စန်မြို့နယ်၌ ဒေသဝက်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

နမ့်စန် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး ဒေသဝက်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက မိုင်းစိတ်ခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ် ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မိုင်းစိတ်ခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် အဖွဲ့(၁) ဝက်မွေးမြူရေးအဖွဲ့က ဒေသဝက်ကောင်ရေ ၄၀ မွေးမြူထားရှိမှု၊ ဝက်စာများ သိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင် ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF)စီမံကိန်းချေးငွေကျပ်သိန်း ၁၀၀၊ အသင်းဝင်များ၏ မတည်ငွေကျပ် ၃၆ ဒသမ ၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၃၆ ဒသမ ၅ သိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းအပ်လက်ခံမည့်ရက် (သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

သန်လျင် နိုဝင်ဘာ ၁၇

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့) မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၀ မှ

စာရေးသူသည် ၁၉၉၁ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (ယခု ရန်ကုန်နည်းပညာတက္ကသိုလ်) တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်ဖြင့် တက်ရောက်ခဲ့သူဖြစ်ရာ ယခုအခါ အခွင့်ကြုံ၍ အင်ဂျင်နီယာပညာရေးဖွံ့ဖြိုးလာမှုအဆင့်ဆင့်ကို ပြန်လှန်လေ့လာမိသည့်အခါ ဖြတ်သန်းခဲ့ဖူးသည့် အင်ဂျင်နီယာကျောင်းသားဘဝအမှတ်တရများကို တရိပ်ရိပ်ပြန်မြင်ယောင်လာမိရသည်။ သည်လိုဆိုပြန်တော့ ဩဘာလမ်းကလည်း လွမ်းစရာ၊ ပင်မဆောင်ကြီးရှေ့ အဝင်လမ်းက စွယ်တော်ပင်တန်းကလည်း မျက်စိထဲ ထင်ရှားလာရသလို အတန်းလစ်ပြီး မိန်း(ရန်ကုန်တက္ကသိုလ်)ထဲ ခြေဆန့်ခဲ့သည့်အချိန်များကိုလည်း လွမ်းမောစရာ ပြန်အမှတ်ရလာမိရသည်။ ဆရာကြီး ဆရာမကြီးများ၊ သူငယ်ချင်းများ၊ စီနီယာနောင်တော်များ၊ ဂျူနီယာညီငယ်များနှင့် ရင်းနှီးဖြတ်သန်းခဲ့ရသော အခိုက်အတန့်များကို လွမ်းမောစွာ သတိရမိရသည်။

စာရေးသူတို့ခေတ်နှင့်နှိုင်းယှဉ်လျှင်မူ ကျောင်းတော်ကြီးက များစွာပို၍ ဖွံ့ဖြိုးလာခဲ့ပြီဖြစ်သကဲ့သို့ သင်ကြားမှု သင်ယူမှုစနစ်များလည်း ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ တိုးတက်လာမှုများ ရှိသည့်တိုင် နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင် တိုးမြှင့်ရန် လိုအပ်နေသည်များ များစွာရှိသေးသည်။ သို့တစေ ဆင်လည်းဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာဆိုသကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်ပေတံဖြင့်မူ နှစ် (၁၀၀) အထိ အောင်အောင်မြင်မြင် လျှောက်လှမ်းရပ်တည်လာနိုင်ပြီး မြန်မာအင်ဂျင်နီယာများ ကမ္ဘာ့နေရာ အနှံ့အပြားမှာ ရပ်တည်လုပ်ကိုင် နေနိုင်ကြသည်ကိုက ဂုဏ်ယူကျေနပ်ဖွယ်ရာပါပင်။ ထို့ကြောင့်လည်း အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာကျင်းပရန် ပြင်ဆင်စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အင်ဂျင်နီယာပညာနှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ

နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုသုတေသနပြခန်းများ၊ နိုင်ငံတော်နှင့် ဒေသအကျိုးပြုပြခန်းများကို မျိုးဆက်သစ် ကျောင်းသားလူငယ်များ လေ့လာနိုင်အောင် ပြသသွားရန် စီစဉ်ထားရှိသည့်အပြင် အင်ဂျင်နီယာနည်းပညာနှင့် ပညာရေးဖိုရမ်ကို Parallel Session ငါးခုဖြင့် ကျင်းပပြုလုပ်သွားရန် စီစဉ်ထားရှိကြောင်း သိရှိရပါသည်။

Parallel Session များတွင် စာတမ်းများ ဖတ်ကြားနိုင်ရေး သက်ဆိုင်ရာဌာနအလိုက် စာတမ်းခေါင်းစဉ်များ တောင်းခံထားပြီး ပါဝင်ဖတ်ကြားနိုင်ရေး၊ မျိုးဆက်သစ်များကို မျှဝေနိုင်ရေးအတွက် ဆောင်ရွက်ထားရှိကြောင်း သိရှိရပါသည်။

နိုင်ငံဖွံ့ဖြိုးမှုအတွက် အရေးပါပြီး အင်ဂျင်နီယာကဏ္ဍမှ နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးချသုတေသနစာတမ်းများ၊ ဆောင်ရွက်မှု၊ ဖြစ်ပေါ်တိုးတက်မှုစာတမ်းများ ဖတ်ကြားကြမည်ဖြစ်ပါသည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ရေရှိရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်တံတားလုပ်ငန်းဆိုင်ရာစာတမ်းများ ဖတ်ကြားသွားရန် စီစဉ်ထားရှိပါသည်။

ထို့အပြင် အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် ဂုဏ်ပြုအစီအစဉ်များကိုလည်း ပြင်ဆင်ထားရှိကြောင်း သိရှိရပါသည်။

(က) အတွေ့အကြုံရှိဆရာကြီး၊ ဆရာမကြီးများ၏အတွေ့အကြုံများကို အင်တာဗျူး၍ မီဒီယာများတွင် ထုတ်လွှင့်ပြသခြင်း၊

(ခ) Documentary များ ရိုက်ကူးပြသခြင်း၊ ၁၀ ရာစုအစောပိုင်းပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးခေတ်ပုဂံဘုရားများ၏ အင်ဂျင်နီယာ ဗိသုကာပညာရပ်များ၊ ၁၁ ရာစုနှောင်းပိုင်း မန္တလေးနန်းတွင်း သမိုင်းမှတ်တမ်းများ၏ အင်ဂျင်နီယာဗိသုကာလက်ရာများ၊ ရန်ကုန်မြို့ ကိုလိုနီခေတ် အင်ဂျင်နီယာ ဗိသုကာလက်ရာများ စသည်တို့ကို ရိုက်ကူးပြသခြင်း၊

(ဂ) မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး သမိုင်းစာအုပ် (၂၀၁၃ မှ ၂၀၂၄)ထုတ်ဝေခြင်း (ရာပြည့် သဘင်အခမ်းအနားပြီးမှ ထုတ်ဝေပါမည်။)၊

(ဃ) ရာပြည့်ဂုဏ်ပြုဆောင်းပါးများ ရေးသားပြီး ရာပြည့်မဂ္ဂဇင်းထုတ်ဝေခြင်း (ရာပြည့်သဘင် အခမ်းအနားပြီးမှ ထုတ်ဝေပါမည်။)၊

(င) ရာပြည့်အထိမ်းအမှတ် ပစ္စည်းများ ထုတ်၍ ဖြန့်ဝေခြင်း၊

(စ) ရာပြည့်အကြို ဂုဏ်ပြုအင်ဂျင်နီယာပွဲတော်နှင့် အခမ်းအနားများ၊ ပရောဂျက်ပြပွဲများအား ရန်ကုန်နည်းပညာတက္ကသိုလ်အပါအဝင် ပြည်၊ မန္တလေး၊ ဘားအံ နည်းပညာတက္ကသိုလ်များနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များတွင် ကျင်းပပြုလုပ်ခြင်း။

အင်ဂျင်နီယာတစ်ယောက်အနေဖြင့် အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို ကံကောင်းစွာဖြင့် တွေ့ကြုံခွင့်ရရှိသည့်အပြင် မိမိတို့ တစ်ထောင့်တစ်နေရာမှ ပါဝင်ဆင်နွဲခွင့်ရရှိသည့်အတွက် အမှန်ပင် ဂုဏ်ယူဝမ်းမြောက်မိရပါသည်။ အင်ဂျင်နီယာအားလုံးအတွက်လည်း ထပ်တူပင်ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ရာပြည့်သဘင်ဆင်ယင်ကျင်းပရေး ဦးစီးကော်မတီတွင် ပါဝင်ခဲ့သည့်အတွက် စာရေးသူအနေဖြင့် အင်ဂျင်နီယာ ပညာရေးသမိုင်းကြောင်းကို ပြန်လေ့လာခွင့်ရခဲ့သည့်အပြင် အင်ဂျင်နီယာပညာရပ်များဖြင့် နိုင်ငံတော်တည်ဆောက်ရေးအပါအဝင် ကဏ္ဍစုံတွင် ပါဝင်ဆောင်ရွက်နေမှုများကို သုတေသနစာတမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုစာတမ်းများ ဖတ်ခွင့်၊ လေ့လာခွင့်ရရှိမည့်အတွက် ကြုံတောင့်ကြုံခဲအခွင့်အရေးများ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာအင်ဂျင်နီယာပညာရေးသမိုင်းကြောင်းကို လေ့လာနိုင်ရန်၊ စာတမ်းဖတ်ကြားမှုများနှင့် နည်းပညာတက္ကသိုလ်ကျောင်းသားများ၏ ပရောဂျက်ပြပွဲများမှတစ်ဆင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ ဗဟုသုတများ ရယူနိုင်ရန်အတွက် မြန်မာအင်ဂျင်နီယာများအားလုံး၊ မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား လူငယ်များအားလုံး အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ပွဲကို အတူတကွပါဝင်ဆင်နွဲကြရန် ဖိတ်ခေါ်ရင်း ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အင်ဂျင်နီယာနှင့် နည်းပညာစွမ်းပကားများဖြင့် အတူတကွတည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ရာပြည့်သဘင်ပွဲအား ဂုဏ်ပြုတင်ပြလိုက်ရပါသည်။

ရည်ညွှန်းကိုးကားချက်

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ဆွေးနွေးချက်များ။

http://www.gtiinsein.edu.mm/?page_id=2010&lang=my

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံ နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရွာငံမြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

မိုင်းယောင်းမြို့နယ် ဝမ်တိုကျေးရွာ၌ ကျေးလက်နေပြည်သူများအတွက် ကုန်ထုတ်လမ်းဖောက်လုပ်

မိုင်းယောင်း နိုဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာဧကများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် ပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင်ပြုရန်ပုံငွေများဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်တိုကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုမိအေး၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်ခြောက်ရေးကော်မတီဝင်များနှင့်အတူ ဝမ်တို ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည် ၀.၆ဖာလုံ၊ အကျယ် ၁၂ ပေ၊ ၃ ကိုးလက်မ ခြေသားလမ်းသဖြန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဝမ်တိုကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင်ပြုရန်ပုံငွေကျပ် ၃၇ သောင်းသုံးသိန်း အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၈၀၊ လူဦးရေ ၄၃၈ ဦးတို့၏ လယ်ယာဧကများစွာကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

ကော့သောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ကော့သောင်း နိုဝင်ဘာ ၁၇

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ ခရိုင်မီးသတ်ဦးစီးဌာန ဦးဆောင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့မဈေးလေဟာပြင် ဈေးနှင့် ဘုရင့်နောင်ဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေး ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်း ဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး ဦးကိုကိုကြီး ဦးဆောင်သည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ် ၆စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ High pressure pump တစ်လုံး၊ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်၍ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ ဈေးကော်မတီများနှင့် ဈေးသူ ဈေးသားများအား မီးဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေးအဖြစ် ဈေးများ၊ ရေငုတ်များနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများ စစ်ဆေးခြင်း၊ မီးဘေး လုံခြုံရေးစစ်ဆေးခြင်းနှင့် လူနာကယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများက လာရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ဒဿမအကြိမ် ထုတ်ချေး

မြင်းခြံ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒဿမအကြိမ် ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ညောင်ပင်ကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။



မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်သက်သက်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ကျေးရွာရှိ ချေးငွေအောင်မြင်သူ အသင်းသူ အသင်းသား ၁၄၉ ဦးအား စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ငွေကြေးအရင်းအနှီးများရရှိစေရေး အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၈ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ဒဿမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဃဃ

မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပမည်

ပုဂံ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၂၃ ရက် (တနင်္ဂဆောင်းမုန်းလပြည့်ကျော် ၈ ရက် နေ့)တွင် အဆိုပါ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်နှစ်များအတိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ စေတနာအလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ မြင်းကပါကျေးရွာမှ ဝတ်ရွက်အသင်းက ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် နံနက် ၅ နာရီတွင် ပုဂံမြို့ မမွေသိဂီဝတ်အသင်းက ပရိတ်၊ ပဋ္ဌာန်းများကို ဝတ်ရွက်ပူဇော်ခြင်းများ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



မြင်းခြံမြို့၌ (၇၂) ကြိမ်မြောက် သီးခြားစာသင်တန်း အာဂုံပြန့်ပွဲကျင်းပ

မြင်းခြံ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၇၂) ကြိမ်မြောက် သီးခြားစာသင်တန်း အာဂုံပြန့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က စတင်ကျင်းပကြောင်း သိရသည်။

မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၇၂) ကြိမ်မြောက် သီးခြားစာသင်တန်း အာဂုံပြန့်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ စတင်ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်အတွက် သံဃာတော် ၁၇၈ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ အာဂုံပြန့်ပွဲကို မြန်မာတစ်နိုင်ငံလုံးတွင် မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၊ မန္တလေးမြို့တွင် သာသနာ့ဟိတအသင်း၊ ရန်ကုန်မြို့တွင် စေတီရင်ဂနအသင်း စုစုပေါင်း အသင်း သုံးသင်းမှ နှစ်စဉ်ကျင်းပဆောင်ရွက်နေကြောင်း ပရိယတ္တိသဒ္ဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးဌေးဝင်းသောင်းက ပြောသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီမြို့၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ မြို့နယ်အဆင့်ပြိုင်ပွဲများ ကျင်းပ

မြဝတီ နိုဝင်ဘာ ၁၇

နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြိုအဖြစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်က ကရင်ပြည်နယ် မြဝတီမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။

ပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၏ ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်ပညာရေးမှူး(ပညာ) ဦးဇေယျာအောင်က ကြီးကြပ်ပေးကာ အမှတ်ပေးဒိုင်အဖွဲ့ ဆရာ ဆရာမများက ပြိုင်ပွဲစည်းကမ်းများ ဖတ်ကြားပေးပြီး ပြိုင်ပွဲကိုစတင်ခဲ့ရာ အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် "အမျိုးသားရေး စိတ်ဓာတ်နှင့်ကျွန်ုပ်တာဝန်" ခေါင်းစဉ်ဖြင့်ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "အမျိုးသားဂုဏ်ရောင်၊ လတန်ဆောင်" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၅၆ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲတွင် "လူငယ်နှင့်နိုင်ငံအနာဂတ်" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "အမျိုးသားအောင်ပွဲ၊ တို့ဆင်နွှဲ" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "အမျိုးသားနေ့၊ တို့မမေ့" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပညာရေးစုံညီပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို အလေးပေးဖော်ပြသော ကြေညာချက်တစ်ရပ် အေပက်ခေါင်းဆောင်များ အတည်ပြု

လီမာ နိုဝင်ဘာ ၁၇

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် (အေပက်) ခေါင်းဆောင်များသည် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို အလေးပေးဖော်ပြသော ထိပ်သီးအစည်းအဝေးဆိုင်ရာ ကြေညာချက်တစ်ရပ်ကို အတည်ပြုလိုက်ကြောင်း သိရသည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ပြည်တွင်းစီးပွားရေးလုပ်ငန်းကာကွယ်ရေးဝါဒနှင့်ပတ်သက်ပြီး စိုးရိမ်မှုမြင့်တက်နေချိန်တွင် အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ပီရူးနိုင်ငံမြို့တော် လီမာမြို့တွင် ပြုလုပ်ခဲ့သော နှစ်ရက်ကြာ အေပက်ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်တွင် အဆုံးသတ်ခဲ့သည်။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုများနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးရန် ဂျပန်ဝန်ကြီးချုပ် အီရီဘာ ရှိဂဲရုနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၂၁ ခုမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် သမ္မတရာထူးပြန်လည်ဆက်ခံမည်ဖြစ်သည့်အတွက် ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ပြည်တွင်းစီးပွားရေးလုပ်ငန်းကာကွယ်ရေးဝါဒကြီးထွားလာမှုနှင့် ပတ်သက်ပြီး ခေါင်းဆောင်အများအပြား စိုးရိမ်လျက်ရှိကြောင်း သိရသည်။

မကြုံစဖူးအပြောင်းအလဲများနှင့် ရုတ်ခြည်းအပြောင်းအလဲများကို တုံ့ပြန်နိုင်ရန် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး လိုအပ်ကြောင်းကို ခေါင်းဆောင်များ၏ ကြေညာချက်တွင် အလေးပေးဖော်ပြထားသည်။ ထို့အပြင် လွတ်လပ်၍ ပွင့်လင်းပြီး ကြိုတင်မှန်းဆနိုင်သော ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ခုဖန်တီးရန် အရေးကြီးကြောင်းကိုလည်း အလေးပေးဖော်ပြထားသည်။



လာမည့်နှစ် အေပက်ဖိုရမ်ထိပ်သီးအစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသွားရန် စီစဉ်ထားကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် တရုတ်နိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်နာအိတ်ချ်ကေ



ကမ္ဘောဒီးယား ရေသဘင်ပွဲတော်ဖြင့် ခရီးသွား ၆ သိန်း ၂ သန်းကျော် ဆွဲဆောင်နိုင်

ဖနောင်ပင်မြို့ တုန်လီဆပ်မြစ်၌ ရေသဘင်ပွဲတော်အတွင်း လှေပြိုင်ပွဲများ ကျင်းပစဉ်။

ဖနောင်ပင် နိုဝင်ဘာ ၁၇

ကမ္ဘောဒီးယားနိုင်ငံ၌ သုံးရက်တာကျင်းပသည့် ရိုးရာရေသဘင်ပွဲတော်သည် ပရိသတ် ၆ သိန်း ၂ သန်းကျော်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၁၄ ရက် မှ ၁၆ ရက် အထိကျင်းပသည့် ရေသဘင်ပွဲတော်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ပျော်စရာအကောင်းဆုံးပွဲတော်များထဲမှ တစ်ခုဖြစ်သည်။ အဆိုပါအခါသမယတွင် နိုင်ငံဒေသအနှံ့အပြားမှ ပြည်သူများက မြို့တော်မြစ်ကမ်းနားသို့ လှေသဘင်ပွဲတော်ကို လာရောက်ဆင်နွှဲကြသည်။

အဆိုပါပွဲတော် သုံးရက်တာကာလအတွင်း ပြည်တွင်းခရီးသွား ၆ သိန်း ၂ သန်းခန့်နှင့် နိုင်ငံခြားခရီးသွား ၅၂၄၉၈ ဦး လာရောက်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။

နိုင်ငံတော်၏ ထူးခြားသော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရင်း ရေသဘင်ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ပြည်တွင်းရော ပြည်ပခရီးသွားများပါ နှစ်သက်ရွှင်လန်းစွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြောသည်။

တုန်လီဆပ်မြစ်၏ ၁ ဒသမ ၇ ကီလိုမီတာ ရှည်လျားသော ရေယာဉ်ကြော တစ်လျှောက် စုစုပေါင်း လှေ ၁၄၈ စင်း၊ လှေသမား ၂၂၀၀ ခန့်က လှေပြိုင်ပွဲ ဆင်နွှဲခဲ့သည်။ တုန်လီဆပ် ရေကန်နှင့် မဲခေါင်မြစ်တို့ ဆက်သွယ်ပေးထားသည့်ပြောင်းပြန်စီးဆင်းနေသော တုန်လီဆပ်မြစ်အတွင်း နှစ်စဉ်မိုးရာသီ ကုန်ဆုံးချိန်၌ ကျင်းပလေ့ရှိသည့် အဆိုပါရေသဘင်ပွဲတော်သည် ၁၁ ရာစု နောင်းပိုင်း ရှေးခမာအင်ပါယာ၏ အင်အားကြီးမားသော ခမာရေကြောင်း တပ်ဖွဲ့များ၏ခွန်အားကို ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်။

ဆင်ဟွာ

လက်ဘန္ဓနိုင်ငံ၌ အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ၁၁ ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရ

ဘေရွတ် နိုဝင်ဘာ ၁၇

လက်ဘန္ဓနိုင်ငံတောင်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် နိုဝင်ဘာ ၁၆ ရက်က အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၁၁ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားသတင်းအေဂျင်စီက ပြောသည်။

လက်ဘန္ဓနိုအရှေ့ပိုင်း ခရိုက်ဘာကျေးရွာရှိ နေအိမ်တစ်လုံးကို အစ္စရေးတို့ တိုက်ခိုက်ခဲ့ရာ မိသားစုတစ်စုတည်းမှ ခြောက်ဦးသေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားသတင်းအေဂျင်စီတွင် ဖော်ပြသည်။ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် နာဘာတစ်ရပ်ကွက်မှ အလုပ်သမားငါးဦး သေဆုံးခဲ့ရသည်ဟု ဖော်ပြထားသည်။

နိုဝင်ဘာ ၁၆ ရက်က အစ္စရေးတို့သည် လက်ဘန္ဓနိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ မြို့ရွာများ၌ စစ်လေယာဉ်များ၊ ဒရုန်းများဖြင့် စီးနင်းတိုက်ခိုက်မှုပေါင်း ၉၀ ကျော် ပြုလုပ်ခဲ့သည်ဟု စစ်ဘက်သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။ လက်ဘန္ဓနိုင်ငံတောင်ပိုင်း ချာမာကျေးရွာ၌ ပွဲထိန်းဒုံးကျည်ဖြင့် အစ္စရေးတင့်ကားတစ်စီးကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က နိုဝင်ဘာ ၁၆ ရက်က ကြေညာခဲ့သည်။

စက်တင်ဘာ ၂၃ ရက်မှ စတင်၍ အစ္စရေးတပ်မတော်သည် လက်ဘန္ဓနိုရှိ ဟစ်ဇ်ဘိုလာများကို ပစ်မှတ်ထားကာ ပြင်းထန်သည့်လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ လက်ဘန္ဓန် ကျန်းမာရေးဌာန၏ ပြောကြားချက်အရ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက် တိုက်ပွဲများ ဖြစ်ပွားချိန်မှ စ၍ လက်ဘန္ဓနိုင်ခဲ့ အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၄၅၂ ဦး ရှိပြီး ဒဏ်ရာရရှိသူ ၁၄၆၆၄ ဦးအထိရှိလာသည်ဟု သိရသည်။

ဆင်ဟွာ



လက်ဘန္ဓနိုင်ငံ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

အာဖဂန်အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်း ၂၇ ခု ဆောင်ရွက်ရန်အတည်ပြု

ကဘူလ် နိုဝင်ဘာ ၁၇

အာဖဂန်အိမ်စောင့်အစိုးရ၏ အမျိုးသားဝယ်ယူရေးကော်မရှင်က အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်ဒေါ်လာ ၇၃ သန်းခန့် တန်ဖိုးရှိ စီမံကိန်း ၂၇ ခုဆောင်ရွက်ရန် အတည်ပြုခဲ့ကြောင်း စီးပွားရေးဆိုင်ရာ ယာယီလက်ထောက်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားသည်။

အာဖဂန်မြို့တော် ကဘူးလ်နှင့် ပြည်နယ်အများအပြားတွင်ရေကာတာတစ်ခု၊ လူနေတိုက်ခန်းများ၊ လမ်းများနှင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း စီမံကိန်းများ တည်ဆောက်သွားမည်ဖြစ်သည်။ ယင်း စီမံကိန်းများက လူထောင်ပေါင်းများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်မည်ဖြစ်သည်။ အစိုးရက စီးပွားရေးစီမံခေါ်ဆိုမှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန် ပြည်တွင်းဘဏ်ကျက်ဖြင့် အခြေခံအဆောက်အအုံနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၄၀၇ ဦးရှိ

ဒါကာ နိုဝင်ဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာ ၁၆ ရက်က သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ရှစ်ဦးနှင့် ရောဂါဖြစ်ပွားသူ ၉၉၄ ဦးရှိသည်ဟု ကျန်းမာရေးဌာန၏အချက်အလက်များအရ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာနက ထုတ်ပြန်သောအချက်အလက်များအရ ယခုနှစ် အတွင်းသွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀၇ ဦး ရှိကာ ရောဂါဖြစ်ပွားသူ ၈၀၀၀၀ နီးပါးရှိသည်ဟု သိရသည်။ ၂၀၂၃ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၁၇၀၅ ဦးရှိပြီး သေဆုံးမှုအမြင့်ဆုံးဖြစ်ခဲ့သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်သောဗိုင်းရပ်စ်ရောဂါဖြစ်သည်။

အဆိုပါရောဂါသည် ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်သားများနှင့် အဆစ်အမျက်နာကျင်ခြင်း၊ အော့အန်ခြင်းတို့ ဖြစ်စေနိုင်သည်။ သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုများပြားလာသည့်အတွက် ကျန်းမာရေးအာဏာပိုင်များသည် ခြင်ပေါက်ဖွားရာနေရာများကို စစ်ဆေးပြီး ခြင်သားလောင်းနှိမ်နင်းရေးလုပ်ငန်းများကို အားဖြည့်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ



GRAMMAR လွယ်ကူလေ့လာ အင်္ဂလိပ်စာ



မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ မြန်မာ့အလင်းစာတည်းအဖွဲ့

၁၁ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

Grade (10) Unit (2) Literature

Simple Present Tense and Present Continous Tense

Simple Present Tense

Form: ပုံစံ

Positive : Subject + base verb (add –s or –es for he/she/it)

Examples: "I eat," "She eats," "They walk."

Negative: Subject + do/does not + base verb

Examples: "I do not eat," "He does not walk."

Question: Do/Does + subject + base verb

Examples: "Do you eat?" "Does she walk?"

Usage: အသုံးအနှုန်း

1. Habitual Actions: (လုပ်လေ့လုပ်ထရိုသောလုပ်ဆောင်ချက်များ) Actions that happen regularly.
   "I go to work every day."
2. General or Universal Truths: (အမြဲမှန်ကန်နေသောအချက်များ) Facts or things that are always true.
   "The sun rises in the east."
3. Scheduled Events (အစီအစဉ်လုပ်ထားသောအချိန်ဇယားများ) (often in transportation).
   "The train leaves at 6 PM."
4. Instructions or Directions. (ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ)
   "You turn left at the corner."

In summary: (အနှစ်ချုပ်)

Simple Present is for regular habits, facts, and scheduled events. (လုပ်နေကျ၊အချက်အလက်၊အစီအစဉ်ဇယားတွေဆိုရင် **Simple Present** သုံး)

Present Continuous is for actions happening now, temporary activities, or planned future events. (လက်ရှိဖြစ်နေတာတွေ၊ အခိုက်အတန့်လုပ်ဆောင်နေမှုတွေ၊ အနာဂတ်မှာ လုပ်ဖို့စီစဉ်ထားတာတွေဆိုရင် **Present Continuous** သုံး)

အောက်ဖော်ပြပါစကားလုံးများပါလျှင် **Simple Present Tense** ထည့်ရမည်။) (ကျက်မှတ်ထားသင့်ပါတယ်။)

always	အမြဲတမ်း
sometimes	တစ်ခါတစ်ရံ
every day/week/year	နေ့စဉ်/အပတ်စဉ်/နှစ်စဉ်
nowadays	ယခုအခါ
these das	ယခုအခါ
generally	ယေဘုယျအားဖြင့်/အများအားဖြင့်
hardly ever	အလွန်ဖြစ်ခဲ၊ အတော်ဖြစ်ခဲ
never	ဘယ်သောအခါမှ
had better	..... တစ်ခုခုလုပ်သင့်

ဥပမာ– We had better wear face masks when we travel to protect against flu viruses.

Exercises

1. Sharon usually (get up) at 4 a.m. She hates that!
2. She (arrive) at the film studio at five and (have) a coffee.
3. She (prepare) her make-up room carefully.
4. At six, she (do) the make up for the newsreaders and for the next five hours she (work) with guests on morning TV shows.
5. She (not have) time for a break but at noon she (have) lunch with colleagues.
6. After lunch she (order) new make-up.
7. She (leave) the studio before two o'clock. It's a tiring job!

Answer keys

1. gets up 2. arrives, has 3. prepares
4. does, works 5. does not have, has
6. orders 7. leaves

Grade (11) Unit (2) Onile Shopping: Pros and cons

2. Present Perfect Continuous Tense

Form: ပုံစံ

Positive: Subject + have/has been + present participle (V–ing)

Negative: Subject + have/has not been + present participle

Question: Have/Has + subject + been + present participle?

Usage: အသုံးအနှုန်း

1. To emphasize the duration of an action that started in the past and is still continuing in the present: (အတိတ်မှာ စလုပ်ခဲ့တဲ့လုပ်ဆောင်ချက်ဟာ အခုအထိလုပ်ဆောင်နေဆဲ မပြီးဆုံးသေးကြောင်း ဖော်ပြရာမှာသုံးတယ်)

Example: I have been studying for hours. (I'm still studying.) (စာကျက်နေတုန်းပဲ မပြီးသေး)

2. To describe recent actions or repeated actions that may or may not be finished, often with "lately" or "recently": (လုပ်ဆောင်ချက်တခုဟာ ပြီးဆုံးသည်ဖြစ်စေ မပြီးဆုံးသည်ဖြစ်စေ ဖော်ပြရာမှာလည်း သုံးတယ်)

Example: She has been feeling tired recently.

3. To highlight the ongoing nature or temporary situation of an action with time expressions like "for" or "since":

Example: They have been working here since last year. (since, for တို့နဲ့တွဲပြီး ဆက်လက်လုပ်ဆောင်နေကြောင်း ဖော်ပြရာမှာသုံးတယ်)

Examples:

a. I have been reading this book for an hour. (တစ်နာရီရှိသွားပြီ ဖတ်လို့မပြီးသေး)
b. She has been learning Spanish recently. (စပိန်ဘာသာစာသင်နေတုန်း မပြီးသေး)
c. Have they been waiting for long? (စောင့်နေတာကြာပြီ စောင့်နေတုန်းပဲ)

Summary : အနှစ်ချုပ်

Both tenses link past actions to the present, but the present perfect continuous focuses more on the duration or ongoing nature of the activity, while the present perfect often emphasizes the completion or result of the action. (အတိတ်ကအဖြစ်အပျက်တွေဟာ လက်ရှိအချိန်နဲ့ ဆက်စပ်နေတယ်၊ **present perfect continuous** ဟာ ဆက်လက်ဖြစ်ပေါ်နေတဲ့သဘော **present perfect** က လုပ်ဆောင် ချက်ပြီးဆုံးတာကို ရည်ညွှန်းတဲ့သဘောဖြစ်တယ်။)

အောက်ဖော်ပြပါစကားလုံးများပါလျှင် **Present Perfect Continuous Tense** ထည့်ရမည်။

all morning/day	တစ်မနက်လုံး/တစ်နေ့လုံး
the whole day	တစ်နေ့လုံး
since	ကတည်းက
for two minutes/years	နှစ်မိနစ်ကြာ(အချိန်)
how long	ဘယ်လောက်ကြာ

Exercises

I. Complete the dialogues below with the present perfect simple or present perfect continuous of the verbs in brackets. If both tenses are possible, use the present perfect continuous.

1. A: I'm very tired. We (walk) too fast.
   B: Maybe you are right, we (walk) 10 kilometres in only one hour and a half.
2. A: You (drink). You can't take the car.
   B: But I (only/drink) a couple of beers!
   A: That isn't true; you (drink) four beers.
3. I (wait) for you all morning! Where (you/be) all this time?
4. I (teach) in this school for 20 years, and I (meet) thousands of students from hundreds of different countries.
5. A: It smells fantastic!
   B: Yeah, I (make) cookies all afternoon.
   A: Let me see. Wow! You (make) a lot of cookies!

Answer keys

1. **have been walking, have walked**
2. **have been drinking, have only drunk**
3. **have been waiting, have you been**
4. **have been teaching, have met**
5. **have been making, have made**

Grade (12) Unit (2) Key to Happiness

2. Non–Defining Relative Clauses

These clauses give extra, non-essential information. They are set off with commas and can be omitted without altering the core meaning of the sentence.

Example: My sister, who is a nurse, works at the city hospital. (ကော်မာပါတာကိုသတိပြုပါ။ ကျွန်တော့်ညီမက ဆေးရုံမှာ အလုပ်လုပ်တယ်၊ သူက သူနာပြုဆရာမလေ၊ ကော်မာနောက်က clause ကထပ်သိအောင်ပြောတဲ့သဘော၊ အထူးပြုတာမဟုတ်ဘူးဆိုတာ သိစေလိုပါတယ်။)

Explanation: "Who is a nurse" adds extra information about the sister, but it's not essential to know this to understand the sentence's main point.

Exercises

1. **Identify the defining and non–defining relative clauses:**

1) My friend, who lives in New York, is coming to visit.
2) The student who scored the highest grade will receive a scholarship.
3) I have a pet which is very friendly.
4) The museum, which was recently renovated, has an impressive art collection.
5) I saw the man who fixed our car last week.
6) My cousin, whose family lives in Canada, is visiting us soon.
7) We went to a beach that was very clean.

Answer keys

1. non–defining 2. defining 3. defining
4. non–defining 5. defining 6. non–defining
7. defining

အာဖဂန် ဒုက္ခသည်တို့ နေရပ်ပြန်ချိန်

နွယ်နီလင်း



အာဖဂန်နစ္စတန်နိုင်ငံ နင်မ်ရော့ဇ်ပြည်နယ် နယ်စပ်ဖြတ်ကျော်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် အာဖဂန်နေရပ်ပြန်များ။

ကဘူးလ်မြို့ပြင်ရှိ ယာယီစခန်းတစ်ခု၏ ဖုန်ထူထူ မြေကွက်လပ်တစ်ခုပေါ်တွင် မကြာသေးမီက ပြန်လာခဲ့သည့် ဒုက္ခသည်တစ်ဦးဖြစ်သူ မီယာရ်ဟမ်ဇာက ၎င်းကို ဝိုင်းရံထားနေသည့် ကလေးငယ်များအား အာဖဂန်နစ္စတန်သို့ ပြန်လာခဲ့ပုံကို ဝမ်းမြောက်စွာပြောဆိုလျက်ရှိသည်။ သူ့ဇာတိမြေမှာ လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းက နေရပ်ပြန်လာရေး စိတ်အားထက်သန်လာစေသည်ဟု ဆိုသည်။

"ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေမှာ နေ့ရောညပါ ဘာကြောက်ရွံ့မှုမှမရှိဘဲ လွတ်လွတ်လပ်လပ်သွားလာနိုင်တဲ့အတွက် ပြောမပြတတ်အောင်ကို ပျော်တယ်" ဟု ပဋိပက္ခကြောင့် အီရန်တွင် နှစ်အတန်ကြာခိုလှုံခဲ့ရသည့် ဟမ်ဇာက ပြောသည်။

၎င်း၏မွေးရပ် ကွန်ဒက်ဇ်ပြည်နယ်သို့ ဆက်လက်မထွက်ခွာမီ ယာယီအခြေချ နေထိုင်နေသူ ဟမ်ဇာက ၎င်း၏ဘဝ ပြန်လည်တည်ဆောက်ရန်အတွက် ပံ့ပိုးမှုများလိုအပ်ကြောင်း ပြောကြားသည်။ "အိမ်ဆောက်ပြီး ဘဝသစ်ပြန်စဖို့ အကူအညီတွေလိုတယ်" ဟု ၎င်းက ဆိုသည်။

အကူအညီများလိုအပ်နေ

သို့သော်လည်း ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့မှုများက ၎င်း၏ ပြန်လည်ထူထောင်ရေးအိပ်မက်ကို အဟန့်အတားဖြစ်စေလျက်ရှိသည်။ "ကွန်ဒက်ဇ်မှာ အိမ်တစ်လုံးရှိပေမယ့် စစ်ပွဲအတွင်းမှာ ပျက်စီးသွားတယ်။ အိမ်ဆောက်ဖို့ မြေ နေရာလိုတယ်၊ စားနပ်ရိက္ခာနဲ့ အဝတ်အစားတွေလည်း လိုအပ်တယ်" ဟု ဆောင်းရာသီ နီးကပ်လာမှုနှင့်အတူ နေရပ်ပြန်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီများ လိုအပ်နေသေးကြောင်း ၎င်းက ပြောကြားသည်။

ဆယ်စုနှစ်များစွာကြာ စစ်ပွဲနှင့် ပြည်တွင်းပဋိပက္ခများကြောင့် သန်းနှင့်ချီသော အာဖဂန်လူမျိုးများသည် ၎င်းတို့၏ မွေးရပ်မြေမှ ထွက်ပြေးခဲ့ကြရပြီး အိမ်နီးချင်း အီရန်နှင့် ပါကစ္စတန်တို့တွင် ဒုက္ခသည်များအဖြစ် ခိုလှုံခဲ့ရသည်။ ပြီးခဲ့သည့်နှစ်အတွင်း အာဖဂန်ဒုက္ခသည် ၁ ဒသမ ၈ သန်းခန့်မှာ ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်သွားကြောင်း အစီရင်ခံစာများက ဖော်ပြသော်လည်း ခန့်မှန်းခြေအားဖြင့် အာဖဂန် ခုနစ်သန်းခန့် ပြည်ပတွင် ကျန်ရှိနေသေးသည်။

တိုးတက်လာသော လုံခြုံရေး

အီရန်တွင် နှစ်အတော်ကြာ နေထိုင်ခဲ့ပြီး မကြာသေးမီက ပြန်လည်ရောက်ရှိလာသူ မိုဟာမက် ဂျန်နိုရီက အာဖဂန်နစ္စတန်တွင် တိုးတက်လာသောလုံခြုံရေး အတွက် ကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ "လုံခြုံအေးချမ်းမှုက အရာရာပါပဲ၊ အာဖဂန်နစ္စတန်ဟာ အခုအချိန်မှာ စစ်ပွဲမရှိတော့ဘူး၊ ငြိမ်းချမ်းတဲ့ နိုင်ငံဖြစ်နေပြီ။ ဘဝကို အေးအေးချမ်းချမ်းနဲ့ နေနိုင်ပါပြီ။ ပြန်လာရတာ ပျော်ဖို့ ကောင်းပါတယ်" ဟု နိုရီက ဆိုသည်။

"ဟေရတ်မြို့မှာ နယ်စပ်ဖြတ်ကျော်တုန်းက အာဖဂန်ဒေါ်လာ ၂၇၀၀၀ (အမေရိကန်ဒေါ်လာ ၄၀၀ လောက်) ပေးခဲ့ရတယ်။ ဒါပေမယ့် သယ်ယူပို့ဆောင်ရေးနဲ့ စားနပ်ရိက္ခာအတွက် စရိတ်တွေ အကုန်ပေးပြီးတဲ့အထိ ကျွန်တော့်မှာ အာဖဂန်ငွေ ၇၀၀၀ (၁၀၃ ဒေါ်လာလောက်)ပဲ ကျန်တော့တယ်" ဟု ယာယီခိုလှုံရေးစခန်းရှိ ၎င်း၏တဲအပြင် ဘက်တွင် နိုရီက ဆိုသည်။

နေ့စဉ်ပြန်လည်ဝင်ရောက်

နေ့စဉ် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၃၀၀ မှ ၃၅၀ ကြား နေရပ်သို့ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း၊ အစိုးရက အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကာ ပြန်လည်ရောက်ရှိလာသူများအား ငွေသားအကူအညီနှင့် ဆောင်းရာသီသုံးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ မူတာလစ် ဟတ်ခါနီက ပြောကြားသည်။

တူကီယဲမှ ပြန်လာသည့် ဒုက္ခသည် ၁၀၀၀၀ ခန့်၊ ပါကစ္စတန်မှ နေရပ်ပြန်လာသော ဒုက္ခသည် ၈၀၀၀၀ နှင့် ကျန် ၆၅၀၀၀၀ မှာ အီရန်မှ ပြန်လာသူများ ရှိကြောင်း၊ ပြီးခဲ့သော ခြောက်လအတွင်း အာဖဂန်ဒုက္ခသည် ၇၄၀၀၀၀ ခန့်သည် ၎င်းတို့၏ မွေးရပ်မြေ အာဖဂန်နစ္စတန်သို့ ပြန်လာခဲ့ကြောင်း ဟတ်ခါနီက ပြောကြားသည်။

ဒုက္ခသည်တွေပြန်လာရန်တိုက်တွန်း

"နေရပ်ပြန်သူတွေကို ထားရှိဖို့အတွက် ပြည်နယ် ၂၈ ခုနဲ့ မြို့နယ် ၄၅ မြို့နယ်မှာ နေထိုင်စရာနေရာတွေ ထူထောင်ဖန်တီးပေးထားပါတယ်။ အဲဒီမြို့နယ်တွေမှာ အိမ်တွေ၊ ဆေးပေးခန်းတွေ၊ စာသင်ကျောင်းတွေ ဆောက်လုပ်ပေးဖို့အတွက် အကူအညီပေးရေး အေဂျင်စီတွေကိုလည်း တောင်းဆိုထားပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ အခုအချိန်မှာ ဘေးကင်းပြီး ငြိမ်းချမ်းနေတာကြောင့် နိုင်ငံရပ်ခြားရောက်နေတဲ့ ဒုက္ခသည်တွေ ပြန်လာကြဖို့လည်း တိုက်တွန်းထားပါတယ်" ဟု ၎င်းက ဆိုသည်။

အလားတူ အာဖဂန်အရာရှိများ၏ ဆက်ဆံရေးနှင့် နေရပ်ပြန်ပို့ရေး ကော်မရှင်က ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ အစိုးရအဖွဲ့ဝင်ဟောင်း ၁၀၀၈ ဦးကို ၎င်းတို့၏ မိခင်နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရန် စီစဉ်ပေးခဲ့သည်ဟု ကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူ အာမက်ဒူလာ ဝါဆစ်က ပြောသည်။

ဝန်ကြီးများ၊ ဗိုလ်ချုပ်များ၊ အုပ်ချုပ်ရေးမှူးများနှင့် တပ်မှူးများအပါအဝင် အာဖဂန်အရာရှိများနှင့် ဆက်ဆံရေး ကော်မရှင်၏ ဆက်သွယ်မှုမှတစ်ဆင့် အဆင့်မြင့်အရာရှိဟောင်း ၁၀၀၈ ဦးခန့် နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း၊ နိုင်ငံတွင်းသို့ ပြန်လာသူအားလုံး ဘေးကင်းကြောင်းနှင့် ပြန်လည်ရောက်ရှိလာသူများကို နေရပ်ပြန်အသိအမှတ်ပြုကတ်ပြားများ ဖြန့်ဝေခဲ့ကြောင်း ဝါဆစ်က ဒေသတွင်း မီဒီယာသို့ ပြောကြားသည်။

ဆက်ဆံရေးနှင့်နေရပ်ပြန်ပို့ရေး ကော်မရှင်ကို ဖွဲ့စည်း

နိုင်ငံအတွင်း ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တာလီဘန်တို့ သိမ်းပိုက်ပြီးနောက် အာဖဂန်လုံခြုံရေး တပ်ဖွဲ့များနှင့် အရပ်ဘက်ဝန်ထမ်း အများအပြား အာဖဂန်နစ္စတန်မှ ထွက်ခွာခဲ့သည်။ အာဖဂန်နစ္စတန်၏ အိမ်စောင့်အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်ပြီးနောက် ၎င်းတို့၏ မွေးရပ်မြေမှ ထွက်ခွာသွားသော အာဖဂန်နိုင်ငံသားများအား ကူညီရန်၂၀၂၂ ခုနှစ် ဧပြီလတွင် ဆက်ဆံရေးနှင့်နေရပ်ပြန်ပို့ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

အစိုးရအနေဖြင့် စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန် အာဖဂန်အစိုးရက အခြေခံအဆောက်အအုံနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများစွာကို ပြန်လည်ဖော်ဆောင်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေသည့် အာဖဂန်နိုင်ငံသည် ငြိမ်းချမ်းတည်ငြိမ်မှု ပြန်လည်ရရှိလာခြင်းကြောင့် နိုင်ငံရပ်ခြားတွင် သွားရောက်ခိုလှုံနေကြရသည့် အာဖဂန်နိုင်ငံသားများအတွက် ၎င်းတို့၏ဇာတိမြေ၌ ပြန်လည်နေထိုင်နိုင်မည့် မျှော်လင့်ချက်ကို တွန်းအားပေးလျက်ရှိသည်။ ။ ကိုးကား-ဆင်ဟွာ



အာဖဂန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ ဒုက္ခသည်စခန်းတစ်ခု၌ ကလေးများကို တွေ့ရစဉ်။

❑ "နေရပ်ပြန်သူတွေကို ထားရှိဖို့အတွက် ပြည်နယ် ၂၈ ခုနဲ့ မြို့နယ် ၄၅ မြို့နယ်မှာ နေထိုင်စရာနေရာတွေ ထူထောင်ဖန်တီးပေးထားပါတယ်။ အဲဒီမြို့နယ်တွေမှာ အိမ်တွေ၊ ဆေးပေးခန်းတွေ၊ စာသင်ကျောင်းတွေ ဆောက်လုပ်ပေးဖို့အတွက် အကူအညီပေးရေး အေဂျင်စီတွေကိုလည်း တောင်းဆိုထားပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ အခုအချိန်မှာ ဘေးကင်းပြီး ငြိမ်းချမ်းနေတာကြောင့် နိုင်ငံရပ်ခြားရောက်နေတဲ့ ဒုက္ခသည်တွေ ပြန်လာကြဖို့လည်း တိုက်တွန်းထားပါတယ်"

ကျွန်တော်ချစ်သော သမဝါယမကောလိပ်များ

မြင့်စိုး(နတလ)

ကောလိပ်များကို ချစ်ရသည့်အကြောင်းရင်း

ခေါင်းစဉ်မှာကိုက ကျွန်တော်ချစ်သောဆိုသည့် ဝေါဟာရနှင့် အစပျိုးလိုက်မိပြီးသကာလ ချစ်ရသော အကြောင်းရင်းကို ထင်းလင်းစွာရှင်းပြရန် အလိုလို တာဝန်ရှိလာချေပြီတမဲ့။ သမဝါယမကောလိပ် (မန္တလေး)၊ သမဝါယမကောလိပ် (ဖောင်ကြီး)ကို ရောက်ဖူးသူများ၊ ထိုကောလိပ်များ၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ပုဏ္ဏရိုက်တန်း၊ ပျားအုံလမ်းနှင့် ရန်ကင်းတောင်ခြေမှာနားခိုရင်း ပညာရင်နှီးသောက် စိုးခဲ့ကြဖူးသော ကျောင်းသား ကျောင်းသူဟောင်း များအနေဖြင့်မူ ကျွန်တော်ချစ်ရသည့် အကြောင်း ရင်းကို ကြိုတင်သိနှင့်ပြီး ဖြစ်ပါလိမ့်မည်။ သမဝါယမကောလိပ်များ၏ ထူးခြားသောပရိဝုဏ် ကို ကျွန်တော်ချစ်သည်။ ထိုကောလိပ်များ၏ ဖြစ်တည် လာမှုသမိုင်းကြောင်းနှင့် အစဉ်အလာကောင်းများကို ကျွန်တော်ချစ်သည်။ ထိုကောလိပ်များ ဖွင့်လှစ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် တည်ထောင် ခဲ့သူများ၊ ဆရာကြီး ဆရာမကြီးများ၏ ထက်သန် မွန်မြတ်သော စိတ်ရင်းစေတနာကို ကျွန်တော် ချစ်သည်။ ဤသည်တို့ကား သမဝါယမကောလိပ် များအပေါ် ကျွန်တော်ချစ်ရသော အကြောင်းရင်း များစွာထဲက အချို့အဝက်မျှသာတည်း။

ရန်ကင်းတောင်ခြေက သမဝါယမကောလိပ်(မန္တလေး)သို့ အဝင်

ဤကောလိပ်ဝင်းအတွင်းသို့ ကျွန်တော် သုံးခေါက်ရောက်ဖူးခဲ့ပါပြီ။ မန္တလေးတိုင်းဒေသ ကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေတွင် တည်ရှိပြီး မန္တလေးမြို့မှ ခုနစ်မိုင်၊ ပုသိမ်ကြီးနှင့် နှစ်မိုင်ကွာဝေး၏။ ရန်ကင်းတောင်၏ အရိပ် အာဝါသကိုမှီခိုနေပြီး ဥယျာဉ်ပရိယတ္တိစာသင် တိုက်ကြီးနှင့်လည်း နီးနီးကပ်ကပ် တည်ရှိနေသော ကြောင့် သမဝါယမကောလိပ်(မန္တလေး) အနေဖြင့် အေးချမ်းမှုအရိပ်စစ်ကို ပိုင်ဆိုင်ခွင့်ရနေသည်ဟု ဆိုရသော် မမှားတန်ရာ။ ဥယျာဉ်ကျောင်းပိုင်မြေကို ကောလိပ်အဝင်လမ်းအဖြစ် အသုံးပြုခွင့်ရခဲ့သလို မိမိတို့ဘက်ကလည်း တိုင်းသမဝါယမသင်တန်း ကျောင်း စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ဥယျာဉ် ကျောင်းကို လျှပ်စစ်မီးပေးလှူခဲ့ကြောင်း သိရသည်။ ကတညျတကတဝေဒီဆိုသည့်ဘုရားဟောနှင့်အညီ ကောလိပ်ကျောင်း၏ စုပေါင်းအလှူအဖြစ် ဥယျာဉ် ပရိယတ္တိစာသင်တိုက်အတွင်း၌ 'သမဝါယမသုခ' အမည်ရ တစ်ပါးနေကျောင်းဆောင်လေးကို ဆောက်လုပ်လှူဒါန်းထားသကဲ့သို့ ဥယျာဉ် ပရိယတ္တိစာသင်တိုက်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး တက္ကသိုလ်တို့၏ အဓိပတိ၊ ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တဓောတိက ကလည်း ငြိမ်းချမ်းစွာနေထိုင်နည်း ဝိပဿနာတရားတော်မြတ် ကို အပတ်စဉ် ချီးမြှင့်ဟောကြားတော်မူခဲ့ကြောင်း သိရသည်။ ဆရာတော်၏တရားများကိုမနာခဲ့ဖူးသော ငြားလည်း သမဝါယမကောလိပ်(မန္တလေး) ကျောင်း အုပ်ကြီး ဒေါက်တာတင်မူအေး ထံမှတစ်ဆင့် ပြန်လည်ကြားနာခွင့်ရလိုက်သည့် တရားတစ်ပိုဒ် ကမူ နှစ်ပေါင်းများစွာ ကျွန်တော်ခံယူကျင့်သုံးနေ သော ကိုယ်ကျင့်တရားနှင့်ပတ်သက်သည့်အရာတစ်ခု ကို ပြောင်းလဲသွားစေခဲ့ပါသည်။ အခြားမဟုတ်ပါ၊ ချစ်ခြင်း မုန်းခြင်းကင်းအောင် နေထိုင်နိုင်ခြင်းကို ဥပေက္ခာတရားဟု ကျွန်တော်က ယူဆထားခဲ့မိ၏။

ဆရာတော် ဒေါက်တာဘဒ္ဒန္တဓောတိကသည် သမဝါယမကောလိပ်(မန္တလေး) ဓမ္မာရုံသို့ တနလ်း နေ့တိုင်းကြွရောက်ကာ ဝိပဿနာတရားတော်မြတ် များကို နှစ်ပေါင်းများစွာ ဟောကြားလာခဲ့ခြင်း ဖြစ်သည်။ ဆရာတော်၏ တရားများထဲမှ ငြိမ်းချမ်း ဖို့အတွက် အများနဲ့နေရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့နေ၊ တစ်ယောက်တည်းနေရင် ဝိပဿနာနဲ့နေ၊ ငါ့ကို အကြောင်းပြုပြီး ဆင်းရဲခြင်းမဖြစ်ပါစေနဲ့၊ ချမ်းသာ ပါစေဆိုတဲ့စိတ်က မေတ္တာ၊ သူတစ်ပါးမှာရှိတဲ့ အားနည်းချက်ကို ဖြည့်ဆည်းလိုစိတ်၊ ဆင်းရဲကို ဖယ်ရှားပေးလိုစိတ်က ကရုဏာ၊ ကိုယ့်ထက်သာ တာကို မနာလိုစိတ်မရှိဘဲ ဝမ်းသာနိုင်တဲ့စိတ်က မုဒိတာ၊ သူတစ်ပါး၏ကောင်း၊ ဆိုး အပြုအမူပေါ်မှာ မတွယ်တာဘဲ လျစ်လျူရှုနိုင်တာ ဥပေက္ခာ၊ ကိုယ့် အပေါ်မှာ ကောင်းတဲ့အပြုအမူကို အမှတ်ထားရင် တရား သံယောဇဉ်ဖြစ်တတ်ပြီး မကောင်းတဲ့ အပြု အမူကိုအမှတ်ထားရင်ဒေါသဖြစ်တတ်တယ်ဆိုသည့် တရားက ကျွန်တော့်စိတ်ကို ပြုပြင်ပေးသွားခဲ့သည်။ ချစ်ခြင်း မုန်းခြင်းကင်းရုံနှင့်မရ၊ ကောင်းခြင်းရော မကောင်းခြင်းပါ တွယ်တာမှုမရှိ ယတိပြတ် စွန့်ပယ် နိုင်မှ ဥပေက္ခာတရားအစစ် ဖြစ်ပေလိမ့်မည်တကား။

သမဝါယမကောလိပ်(ဖောင်ကြီး) ဆိုသည်မှာ

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းအုပ်စု မင်းကုန်းကျေးရွာအနီး လှည်းကူး



သမဝါယမကောလိပ်(ဖောင်ကြီး) အဝင်မုခ်ဦးနှင့် ကျောင်းသား ကျောင်းသူလေးများ။

ဦးသန်းမောင်က ဦးစီးဆောင်ရွက်ခဲ့ရသည်။

သင်တန်းကျောင်း၏ အဆောက်အအုံများ ဆောက်လုပ်ခဲ့ရာတွင်လည်း ဂုဏ်ယူစရာကောင်း သည်မှာ ဆောက်လုပ်ရေးသမဝါယမအသင်းများ ကိုယ်တိုင်တာဝန်ယူ၍ ဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ အဆောက်အအုံများ ပုံထုတ်ခြင်းကို ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပထမဆုံး ကျောင်းအုပ်ကြီးမှာ ဦးတင်ဝင်းဖြစ်ပြီး သင်တန်း နည်းပြဆရာ၊ ဆရာမများအတွက် လာရောက် ပူးပေါင်းဖွင့်လှစ်သော ပြည်လမ်း ခြောက်မိုင်ခွ သမဝါယမသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ ကို အမာခံထား သင်ကြားစေခဲ့သည်။ ထိုအချိန်က

- **သမဝါယမပညာရေး (Cooperative Education) ဆိုသည်မှာ စာသင်ခန်းကို အခြေပြုသောပညာရေးနှင့် လက်တွေ့ လုပ်ငန်းခွင်အတွေ့အကြုံတို့ ပေါင်းစပ်ထားသော နည်းစနစ်ဟူ၍လည်း အဓိဗ္ဘာယ်ဖွင့်ဆိုကြသည်**
- **သမဝါယမပညာရေးတွင် သင်ကြားရေး အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များသည် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်နေရန်လည်း လိုအပ်ပေသည်**
- **နိုင်ငံအတွင်း သမဝါယမစနစ်ရှင်သန်ဖွံ့ဖြိုးလာစေရေး အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် SME ကဏ္ဍတွင် ကုန်ထုတ် သမဝါယမအသင်းများ ခိုင်ခိုင်မာမာ အောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် သမဝါယမကဏ္ဍနှင့် နှီးနှဉ်းသော လူစွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ပြည်သူကိုအခြေပြုသော သမဝါယမစနစ် တည်ထောင်နိုင်မှသာလျှင် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိမည်ဖြစ်သည်**

မြို့၏ မြောက်ဘက် မိုင် ၂၀ အကွာ၊ ရန်ကုန်မြို့မှ လာလျှင် အမြန်လမ်းမကြီး မပေါ်ပေါက်မီက မိုင် ၅၀ အကွာ၊ ယခုအမြန်လမ်းအတိုင်း မိုင် ၂၀ ခွန်းခွန်း က ချိုးဝင်နိုင်သောနေရာမှာ အေးချမ်းစွာ၊ ငြိမ်းချမ်း စွာ၊ စိမ်းလန်းစွာ တည်ရှိနေပါသည်။ ဤနေရာမှာ သမဝါယမကောလိပ်(ဖောင်ကြီး) ဖြစ်လာစေရန် အတွက် မူလဘူတဖြစ်သော "ဗဟိုသမဝါယမ သင်တန်းကျောင်း" နေရာအဖြစ် သမဝါယမဝန်ကြီး ဌာန ဝန်ကြီး ဦးစိန်ထွန်းကိုယ်တိုင် ၁၉၈၂ ခုနှစ် နှစ်ဦးပိုင်းမှာ သွားရောက်ကြည့်ရှုလေ့လာ၍ ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗဟို သမဝါယမ သင်တန်းကျောင်းဆောက်လုပ်ပြီးပါက တစ်နိုင်ငံလုံးရှိ သမဝါယမအသင်းအမှုဆောင်များ၊ ဝန်ထမ်းများအားလုံးကို အရည်အသွေးမြှင့်တင် ပေးရန်အပြင် သမဝါယမလယ်ယာအသင်းများ၊ ကုန်ထုတ်အသင်းများအား သင်တန်းပေးရာ၌ လက်တွေ့ပြသနိုင်မည့် စံပြလယ်ယာစိုက်ခင်းကြီး များ၊ မွေးမြူရေးခြံကြီးများ၊ ကြိမ်၊ ဝါးထုတ်လုပ် ရေးလုပ်ငန်းများ၊ အုတ်ဖုတ်လုပ်ငန်းများပါ ထားရှိ နိုင်ရေးအတွက် မြေကောက်ယက်ကျယ်ဝန်းဝန်းရရှိရေး နိုင်ငံတော်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ သစ်ကြီးဝါးကြီးများ ပေါက်ရောက်နေသော နေရာဖြစ်၍ ရှင်းလင်းရေးတာဝန်ကို ထိုစဉ်က လှည်းကူးမြို့နယ် သမဝါယမဦးစီးဌာနမှူး ဗိသုကာကုန်ထုတ်သမဝါယမအသင်းမှ လည်း ကောင်း၊ သင်တန်းကျောင်းဆောက်လုပ်ခြင်းကို မြို့ပြအင်ဂျင်နီယာဆောက်လုပ်ရေး သမဝါယမ အသင်းကလည်းကောင်း တာဝန်ယူခဲ့ကြသည်။ ရေနှင့် မိလ္လာအတွက်လည်း နတ်မောက်စက်မှု လက်မှုအထက်တန်းကျောင်း ဆရာ၊ ဆရာမများဖြင့် ဖွဲ့စည်းထားသော နတ်မောက်ရေသန့် သမဝါယမ အသင်းကို တာဝန်ပေးခဲ့သည်။ လျှပ်စစ်မီးလိုင်း သွယ်တန်းရေးကိစ္စကိုမူ မိုးကြိုးလျှပ်စစ်အင်ဂျင် နီယာ သမဝါယမအသင်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရ၏။ ဝန်ကြီး ဦးစိန်ထွန်းကိုယ်တိုင် တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးကြပ်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း ပြီးစီးခဲ့သည်။ သမဝါယမကောလိပ်(ဖောင်ကြီး)၌ ထည်ထည်ဝါဝါ ခုံခုံညားညား တွေ့မြင်နေရသော၊ တိုင်တစ်လုံးမှမပါ သော ပေ (၁၂၀ x ၇၀) Dome ခန်းမသည်ပင်လျှင် ဝန်ကြီး ဦးစိန်ထွန်း၏ စိတ်ကူးစိတ်သန်း ဖြစ်ပေ လိမ့်မည်။ သင်တန်းကျောင်း စိမ်းလန်းစိုပြည်ရေး အတွက် သစ်ပင်ပန်းမန်အလှဆင်ရေးနှင့် သင်တန်း ကျောင်းအဝင်လမ်း သစ်ပင်ကြီးများ စိုက်ပျိုးရေး အတွက် ဒေါ်ဝင်းစိန် (ပါမောက္ခ-ငြိမ်း)ကို တာဝန် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းကို "ဗဟိုသမဝါယမ သင်တန်းကျောင်း" ဟု ခေါ်တွင်စေပြီး ၁၉၈၃ ခုနှစ် ပြည်နယ်၊ တိုင်းအလိုက် သမဝါယမသင်တန်း ကျောင်းများကို သတ်မှတ်ဖွင့်လှစ်ပေးခဲ့ရာ ကချင် ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းတို့အတွက် စစ်ကိုင်းသမဝါယမသင်တန်းကျောင်း (ယခု သမ ဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်-စစ်ကိုင်း) ကို လည်းကောင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် အတွက် တောင်ကြီးသမဝါယမသင်တန်းကျောင်း (ယခု-သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေး ပညာသင်တန်းကျောင်း-တောင်ကြီး)ကို လည်း ကောင်း၊ မကွေးနှင့် မန္တလေးတိုင်းအတွက် ပုသိမ် ကြီး သမဝါယမသင်တန်းကျောင်း (ယခု-သမဝါယမ ကောလိပ်- (မန္တလေး) ဖွင့်လှစ်ထားပြီး မကွေးနှင့် မန္တလေးမြို့များတွင်လည်း သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း စီ တစ်ကျောင်းစီ ဖွင့်လှစ်ထားပါသည်)ကို လည်း ကောင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွက် မော်လမြိုင်သမဝါယမသင်တန်းကျောင်း (ယခု-သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း - မော်လမြိုင်) ကို လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းအတွက် ပုသိမ် သမဝါယမသင်တန်းကျောင်း (ယခု- သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်း ကျောင်း-ပုသိမ်)ကို လည်းကောင်း၊ ရန်ကုန်တိုင်း အတွက်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

သန်လျင်သမဝါယမသင်တန်းကျောင်း (ယခု-သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်-သန်လျင်) ကိုလည်းကောင်း၊ ပဲခူးတိုင်းအတွက် ပဲခူးသမဝါယမသင်တန်းကျောင်းကို လည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။

ကျောင်းဆောင်လေးတွေက စီစီရီရီ

ဗဟိုသမဝါယမသင်တန်းကျောင်း၊ သမဝါယမသင်တန်းကျောင်းများအဖြစ် မွေးဖွားလာခဲ့ရာမှ ၁၉၉၄ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် သမဝါယမဒေသကောလိပ်(မန္တလေး)ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမဝါယမကောလိပ် (မန္တလေး) ဖြစ်လာခဲ့သည်။ သမဝါယမကောလိပ် (ဖောင်ကြီး)၏ သမိုင်းကြောင်းကမူ ကနဦးဖော်ပြခဲ့သည့်အတိုင်း ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် ဗဟို သမဝါယမသင်တန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဗဟိုသမဝါယမကောလိပ်အဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမဝါယမကောလိပ်(ဖောင်ကြီး) အဖြစ်လည်းကောင်း ပြောင်းလဲလာခဲ့ကြခြင်း ဖြစ်သည်။ အစဉ်အဆက် တာဝန်ရှိသူများအနေဖြင့် သမဝါယမသင်တန်းကျောင်းများ ဖွင့်လှစ်ရန် စဉ်းစားစဉ်ကတည်းက သမဝါယမလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်သကဲ့သို့ ကောလိပ်အဆင့်မှသည် ပိုမိုမြင့်မားသောအဆင့်တစ်ခုအထိ ဖြစ်ပေါ်လာနိုင်သည်ကို ရည်မှန်း၍ မြေနေရာအကျယ်အဝန်းနှင့် ကျောင်းဆောင် အရေအတွက်တို့ကို လုံလုံလောက်လောက် တည်ဆောက်ပေးခဲ့ကြကြောင်း တွေ့ရသည်။

သမဝါယမကောလိပ်(မန္တလေး)၏ အဆောင်နာမည်လေးတွေက အညာဆန်သလို နောက်တိုးဆောင်ဖြစ်သည့် အာရ်စီသုံးထပ်ပင်မ စာသင်ဆောင်ကြီးနှင့် ကျောင်းအုပ်ကြီး၊ ဒုကျောင်းအုပ်ကြီး နေအိမ်များ၊ ဝန်ထမ်းအိမ်ရာများကလွဲ၍ အဆောင်အားလုံး နာမည်ကိုယ်စီရှိနေကြသည်။ ကြည့်လေ-အင်းဝဆောင်၊ ထီလာဆောင်၊ မကွေးဆောင်၊ မန္တလာဆောင်နှင့် ပန်းရိုးမဆောင်ဟု အမည်ပေးထားသည့် စာသင်ဆောင်များ၊ ရတနာပုံဆောင် အမည်ရကျောင်းအုပ်ကြီးရုံးခန်း၊ စုဝေးခန်းမအမည်ကရန်ကင်းဆောင်၊ဓမ္မာရုံကအောင်ပင်လယ်ဆောင်၊ Language Lab က ဧရာဆောင် စသည်ဖြင့် မှည့်ခေါ်ထားသည်။ ကျောင်းသားရေးရာရုံးခန်းနှင့် ကွန်ပျူတာခန်း သည်ပင်လျှင် တကောင်းဆောင်ဆိုသည့် ခံခံညားညားအမည်နှင့် တွေ့ရသည်။ ပင်းယအမည်ရှိ ကျောင်းသားအိပ်ဆောင် တစ်ဆောင်နှင့် ဧလပ်ဝါ၊ ပိတောက်၊ စကား၀ါ၊ ဇီဇဝါဟု မှည့်ခေါ်ထားသော ကျောင်းသူအိပ်ဆောင် လေးဆောင်လည်း ရှိနေပေသည်။ တစ်ထပ်စတိုဆောင်လေးသည် ပင်လျှင် ငုပါဆောင်ဟူသောအမည်ကို ရယူထား၏။

သမဝါယမကောလိပ်(ဖောင်ကြီး) သည်လည်းပဲ အနှစ်သာရရှိရှိ ပေးထားသောအမည်များနှင့် ပန်းရလှသည်။ ကမ္ဘောဇ၊ အင်း၀၊ ဒဂုံနှင့် ဥသာဟု အမည်ပေးထားသော ကျောင်းသားအိပ်ဆောင်များ၊ ယုဝတီ၊ ရတနာပုံ၊ သလ္လာဝတီ၊ ဧည၀တီအမည်ရ ကျောင်းသူအိပ်ဆောင်များ၊ ကံ့ကော်ဆောင်ဟု အမည်ပေးထားသော စာသင်ဆောင်၊ သီရိဆောင်ဟု ခေါ်တွင်နေသည့် ဆရာမများ၏ အဆောင်တို့ကို တွေ့ရမည်ဖြစ်သလို ဆရာ၊ ဆရာမများ၏ ဝန်ထမ်းအိမ်ရာကိုလည်း နဝရတ်ဆောင်ဟု အမည်ပေးထားပါသည်။



သမဝါယမကောလိပ်(မန္တလေး) ပင်မစာသင်ဆောင်နှင့် ကျောင်းသူလေးများ။

သမဝါယမကောလိပ်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်

သမဝါယမတက္ကသိုလ်၊ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ မွေးထုတ်ပေးရန် ဖြစ်ပါသည်။ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်ရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်များကို မှန်ကန်စွာ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ သမဝါယမပညာရေး (Cooperative Education) ဆိုသည်မှာ စာသင်ခန်းကို အခြေပြုသောပညာရေးနှင့် လက်တွေ့ လုပ်ငန်းခွင်အတွေ့အကြုံတို့ ပေါင်းစပ်ထားသော နည်းစနစ်ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သမဝါယမပညာ လေ့လာသင်ယူရာတွင် ပေါင်းစည်း လေ့လာသင်ယူရမည့်သဘော ဖြစ်ပါသည်။ သည့် အတွက် သမဝါယမပညာရေးတွင် သင်ကြားရေး အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များသည် မိတ်ဖက် အဖွဲ့အစည်းများဖြစ်နေရန်လည်း လိုအပ်ပေသည်။ ယခုအခါ ထိုအခြေခံသဘောတရားကို သမဝါယမ စာရင်းရေးစာရင်းကိုင်ပညာ သင်တန်းကျောင်း ငါးကျောင်းဖြစ်သည့် မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီးကျောင်းများ၌ ခံယူကျင့်သုံးနေဖြိုဖြစ်သည်။

သမဝါယမကောလိပ်များ၏ သင်ကြားသင်ယူမှု စနစ်သည် အဆင့်မနိမ့်ခဲ့ပေ။ ဗဟိုသမဝါယမကောလိပ်ဘဝကတည်းက သင်ကြားပေးလိုက်သော ပထမ Batch ဆင်း ကျောင်းသားနှစ်ဦးသည် Youth Seminar for Asia and Pacific, ICA (ROAP) Singapore သို့ တက်ခွင့်ရခဲ့ကြောင်း သိရသည်။ ယခင် သမဝါယမကောလိပ်များမှ ဒီပလိုမာရပြီးလျှင် အဝေးသင်တက္ကသိုလ် (စီးပွားရေး) သို့ တက်ရောက်ခွင့် (သို့မဟုတ်) စီးပွားရေးတက္ကသိုလ် (ရန်ကုန်) သို့ ဝင်ခွင့်စာမေးပွဲဖြေဆို၍ တက်ရောက်ခွင့်ရခဲ့ကြသည်။ ယခုအခါ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း) တို့သို့ ပေါင်းကူးတက်ရောက်ခွင့် ရနေကြပြီ ဖြစ်သည်။

သင်ကြားပေးနေသော ဘာသာရပ်များ

သမဝါယမလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခဲ့သော အချိန်ကာလများ ရှိခဲ့ပူးသည်။ လွတ်လပ်ရေးရပြီး ပါလီမန် ဒီမိုကရေစီခေတ်တွင် ပရိုက်ိုးဟုခေါ်သော ကုန်ထုတ် သမဝါယမများ၊ ကွန်ကိုးဟုခေါ်သည့် စားသုံးသူ သမဝါယမအသင်းများ ထင်ရှားခဲ့သည်။ သမဝါယမ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ရေပေးရေး လုပ်ငန်းများ၊ သမဝါယမဆေးရုံ၊ သမဝါယမဟိုတယ် လုပ်ငန်း၊ သမဝါယမဘာဏ် စသည်တို့ရှိခဲ့ဖူးသည်။ သမဝါယမတွင် ကောင်းမွန်သော သဘောတရားများ ရှိသည်။ ခေတ်မီသော စီမံခန့်ခွဲမှုပညာရပ်များကို လည်း တတ်မြောက်ရမည်။ စဉ်ဆက်မပြတ် ပညာရေးလုပ်ငန်းစဉ်လည်း ရှိရမည်။ သင်ကြား ပို့ချပေးနေသော ဘာသာရပ်များမှာ သမဝါယမ ပညာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီမံခန့်ခွဲမှုပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးပထဝီဝင်၊ မြန်မာ့ရေးရာ (Aspects of Myanmar)၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သချိုင်းဘာသာရပ်တို့ ဖြစ်ပါသည်။ ယင်းသို့ သင်ကြားပို့ချပေးပြီးနောက် ပေးအပ်မည့် ဒီပလိုမာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ Diploma in Regional Development (Dip.R.D)

(ခ) စီးပွားရေးလုပ်ငန်းစာရင်းကိုင် ဒီပလိုမာ Diploma in Business Accounting (Dip.B.Acct)

(ဂ) အသုံးချစာရင်းအင်းဒီပလိုမာ Diploma in Applied Statistics (Dip.A.S)

(ဃ) ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ဒီပလိုမာ Diploma in Marketing Management (Dip.M.M)

(င) လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ဒီပလိုမာ Diploma in Social Enterprise Management (Dip.S.E.M)

သမ/ကျေးလက် ရှေ့သို့ခရီးဆက်မည်

သမဝါယမစနစ်သည် ကမ္ဘာပေါ်တွင် ၁၈ ရာစုမှ ယနေ့အထိ ရှင်သန်လျက်ရှိသည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များ သတ်မှတ်ရာတွင်လည်း သမဝါယမကဏ္ဍကို ထဲထဲဝင်ဝင် ထည့်သွင်းဖော်ပြထားကြောင်း တွေ့ရသည်။ နိုင်ငံအတွင်း သမဝါယမစနစ် ရှင်သန်ဖွံ့ဖြိုးလာစေရေး အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် SME ကဏ္ဍတွင် ကုန်ထုတ် သမဝါယမအသင်းများ ခိုင်ခိုင်မာမာ အောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် သမဝါယမကဏ္ဍနှင့် နီးနွယ်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ပြည်သူကိုအခြေပြုသော သမဝါယမစနစ် တည်ထောင်နိုင်မှသာလျှင် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိမည်ဖြစ်သည်။ ပခုံးပြောင်း တာဝန်ထမ်းဆောင်နေရသော ယနေ့အချိန်ကာလတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများ၊ ရက်ကန်းသင်တန်းကျောင်းများ၏ အခန်းကဏ္ဍကိုလည်း အလေးထားမြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပေသည်။ ။



အညာတမာရိပ်အောက်မှာ စာပေလေ့လာနေသော ကျောင်းသား ကျောင်းသူလေးများ။











ဆောင်းခိုငှက်များကို ရှင်သန်ခွင့်ပေးကြပါ

ကိုကျော်စွာ(ကျိုက်ဝိ)

ဆောင်းခိုငှက်များသည် နွေဦးရာသီနှင့် ဆောင်းရာသီရောက်တိုင်း သူတို့၏ပေါက်ပွားရာဒေသဖြစ်သည့် အေးမြသောကမ္ဘာ့မြောက်ပိုင်းဒေသမှ ဆောင်းခိုရန်အတွက် ပူနွေးသော ကမ္ဘာ့တောင်ဘက်ခြမ်းသို့ ရွှေ့ပြောင်းလာကြသည်။ အကြောင်းမှာ ထိုငှက်များကျက်စားရာ ကမ္ဘာ့မြောက်ဘက်ခြမ်းသည် အအေးစတင်ပြီး အစာရေစာရှားပါးလာခြင်းကြောင့်ဖြစ်သည်။ သို့သော် ရေပျော်ဆောင်းခိုငှက်များသည် စာရေးသူတို့ဒေသသို့ ဆောင်းဦးရောက်စတွင် စတင်ဝင်ရောက်ကြသဖြင့် ဆောင်းခိုငှက်ဟု ခေါ်ကြဟန်တူသည်။ မိုးရာသီမိုးမစိုစေရန် ဝင်ရောက်နားခိုသည်ကို မိုးခိုသည်ဟုခေါ်ကြရာ အလွန်အေးသော ကမ္ဘာ့မြောက်ခြမ်းဆောင်းရာသီကိုရှောင်၍ ကမ္ဘာ့တောင်ဘက်ခြမ်းသို့ ဝင်ရောက်လာသဖြင့် ဆောင်းခိုသည်ဟုလည်း ဆိုနိုင်ပါသည်။

အဆိုပါငှက်များ ကျက်စားပေါက်ပွားရာ မူရင်းဒေသဖြစ်သော ကမ္ဘာ့မြောက်ဘက်ခြမ်းသည် ဆောင်းဝင်လျှင် အလွန်အေးသဖြင့် ကမ္ဘာ့တောင်ဘက်ခြမ်းသို့ မိုင်ထောင်ချီပျံကာ ဆောင်းခိုကြဟန်တူသည်။ ဆောင်းခိုငှက်များသည် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ၎င်းတို့ ဆောင်းခိုမည့်ဒေသများသို့ ရောက်ရှိလာကြသည်။ နွေအကုန် မိုးအကူးဇြေနှင့် မေလများတွင် နေရပ်သို့ ပျံသွားကြသည်။ ထို့ကြောင့် ဆောင်းခိုငှက်လေးများသည် ခေတ္တလာပြီး ပြန်သွားကြသည့် ဧည့်သည် ဆောင်းခိုငှက်ကလေးများ ဖြစ်ကြသည်။

ယခုဆို မုတ်သုံဆုတ်ခွာစပြုပြီး မိုးလည်းကုန်တော့မည်ဖြစ်သည်။ မိုးကုန်၍ မိုးမင်းက နေရာဖယ်ပေးရသလို ဆောင်းကလည်း သူ့တာဝန်သူ ထမ်းဖို့ နှင်းပုလဲပန်းများကို သယ်ဆောင်လာခဲ့ပြီဖြစ်သည်။ ရာသီသုံးခုသည် သူ့တာဝန်နှင့်သူ ကိုယ်စီကိုယ်ငင တာဝန်ထမ်းကြခြင်းဖြစ်သည်။ ယခုလည်း ဆောင်း၏တာဝန်ဖြစ်ပေသည်။ ယခုလည်း ဆောင်းစပြီး မအေးသေးသော်လည်း ရာသီကိုသိသော ဆောင်းခိုငှက်ကလေးများသည် ဆောင်းခိုရန် ပျံသန်းရောက်ရှိလာကြသည်။

ကမ္ဘာလှည့်ခရီးသွားငှက်များ

မိုးအကုန်၊ ဆောင်းအကူးမိုးလေကင်းသဖြင့် တိမ်ကင်းစင်သောရာသီချိန်၌ ကောင်းကင်ယံ၌ အုပ်စုဖွဲ့,ပျံသန်းနေကြသောငှက်များကို တွေ့,ဖူးကြပေလိမ့်မည်။ အများအားဖြင့်တော့ ဆောင်းခိုငှက်များသည် ရေပျော်ငှက်များက များသည်။ အဆိုပါရေပျော်ငှက်များသည် အုပ်စုဖွဲ့,ရွှေ့ပြောင်းနေထိုင် လေ့ရှိကြသည်။ တစ်နည်းအားဖြင့် ထိုရေပျော်ငှက်များကိုပင် ဆောင်းခိုငှက်ဟုခေါ်ရပေလိမ့်မည်။ ရေပျော်ဆောင်းခိုငှက်များသည် အကောင်ရာကျော်အထိ အုပ်စုဖွဲ့,နေထိုင်ကျက်စားလေ့ရှိကြသည်။ နှစ်စဉ်နှစ်တိုင်း ဆောင်းရှိရာအရပ်ကို ပျံသန်းလေ့ရှိကြသည်။ ထိုကဲ့သို့ ပျံသန်းရာတွင် တောင်ဝင်ရိုးစွန်းကနေ မြောက်ဝင်ရိုးစွန်းအထိ တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ပင်လယ်သမုဒ္ဒရာကိုဖြတ်၊ နေရာတစ်နေရာမှတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ ဖြတ်ကျော်ပျံသန်းသွားလာကြရသည်။ ဆောင်းခိုငှက်ကလေးများကို ကမ္ဘာလှည့်ခရီးသွားငှက်များဟုပင် တင်စားခေါ်ဝေါ်သင့်ပါသည်။ ထိုဆောင်းခိုငှက်များမှ တချို့သော မျိုးစိတ်များသည် မျိုးသုဉ်းလုအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ မျိုးသုဉ်းလာရခြင်းမှာ ငှက်လိုက်မုဆိုးတို့ လက်ချက်ကြောင့်ဖြစ်သလို ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုဖြစ်စဉ်များကြောင့်လည်းဖြစ်သည်။ ထိုပြင် နေထိုင်ကျက်စားရာ နေရာဒေသ နည်းပါးလာခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်လာခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်း၊



မိုးယွင်းအင်းကြီးဒေသမှ ဆောင်းခိုငှက်များ။

“ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်အောင်ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်ကလေးများ နေထိုင်ကျက်စားရာ ဒေသများကို ကာကွယ်ပေးခြင်း၊ ဆောင်းခိုရေပျော်ငှက်များကို အမဲလိုက်ခြင်းမှ ကင်းဝေးစေရန် လူအများအား အသိပညာပေး ဟောပြောခြင်း၊ ဒေသဆိုင်ရာရှိ လူအများကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါဝင်လာအောင် စည်းရုံးခြင်း၊ ရေပျော်ငှက်များ ပျော်စံကျက်စားရာနေရာများကို ကာကွယ်ထိန်းသိမ်းပေးခြင်း၊ သတ်မှတ်ပေးခြင်းဖြင့် ဆောင်းခိုငှက်များ မျိုးသုဉ်းမှုအန္တရာယ်မှ ကာကွယ်နိုင်မည် ”

နေထိုင်ကျက်စားရာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ပြင် ဆောင်းခိုငှက်လေးများ နေထိုင်ကျက်စားရာနေရာသို့ အခြားအမဲလိုက်သားကောင်များ ဝင်ရောက်စားသုံးအမဲလိုက်ခံရခြင်းတို့ကြောင့်လည်း တချို့မျိုးစိတ် ဆောင်းခိုငှက်များ မျိုးသုဉ်းမှုအန္တရာယ်ရင်ဆိုင်လာရခြင်းဖြစ်သည်။

ဆောင်းခိုငှက်များ ပျော်စံကျက်စားရာနေရာများစွာရှိ

စာရေးသူတို့နိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများသဖြင့် နှစ်စဉ်ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိကြသည်။ ထို့ပြင် လတာပြင်များ၊ ရွှံညွန်တောများ၊ ရေဝေဒေသများ ပေါများပါသည်။ ဆောင်းခိုငှက်များသည် တောတောင်အထပ်ထပ်၊ နိုင်ငံပေါင်းများစွာနှင့် ပင်လယ်သမုဒ္ဒရာတို့ကို ဖြတ်ကျော်ရင်း အနားယူရန်နှင့် အစာစားသောက်ရန် မိမိတို့ပျံသန်းရာလမ်းကြောင်းရှိ လတာပြင်များ၊ ကမ်းခြေနှင့် မြစ်ကမ်းစပ်များ၊ ရေပဝဒေသများ မရှိမဖြစ်လိုအပ်ပါသည်။ ထိုနေရာများသည် ဆောင်းခိုငှက်များအတွက် ခရီးတစ်ထောက်နားခိုရန်နှင့် အစာအာဟာရဖြည့်တင်းပြီး နောက်ခရီးအတွက် များစွာအထောက်အပံ့ဖြစ်စေသည်။ ထို့ကြောင့် ငှက်ပျံသန်းရာ လမ်းကြောင်းကွန်ရက်နယ်မြေများ သတ်မှတ်ပေးခြင်းက ဆောင်းခိုငှက်များအတွက် အလွန်အရေးပါသလို နားခိုရန်နေရာနှင့် အစာရေစာထောက်ပံ့ပေးသောနေရာလည်းဖြစ်ပေသည်။ စာရေးသူတို့နိုင်ငံတွင် ဆောင်းခိုငှက်များ ပျော်စံကျက်စားရာနေရာများစွာရှိပါသည်။ မိုးယွင်းကြီးအင်း၊ အင်းလေကန်ဒေသ၊ အင်းတော်ကြီးကန်၊ နံ့သာကျွန်းအဏ္ဏာပါအမျိုးသား ဥယျာဉ်၊ အလောင်းတော်ကာသဖ အမျိုးသားဥယျာဉ်ကဲ့သို့ အမျိုးသားဥယျာဉ်များ၊ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကဲ့သို့ ဘေးမဲ့တောများ၊ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေများ သတ်မှတ်ပေးထားသည့် နေရာများရှိပါသည်။ အဆိုပါနေရာများသို့ နှစ်စဉ် ဆောင်းခိုရေပျော်ငှက်များ အကောင်းပေါင်းရာချီ၍ လာရောက် နေထိုင်ကျက်စားကြသည်။ ထို့ပြင် အခြားသော အမျိုးသား ဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ ရေဝပဒေသများနှင့် ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေသတ်မှတ်ထားသည့် နေရာများလည်း ရှိပါသေးသည်။

ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ ရှစ်ခုရှိ

မြန်မာနိုင်ငံတွင် ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ ရှစ်ခုရှိကြောင်း သိရသည်။ ရေပျော်ငှက်ဆိုသည်မှာ ရွှံညွန်နှင့် လတာပြင်၊ သဲသောင်များနှင့် ရေဝပဒေသနေရာများ၌ သွားလာနေထိုင်သော ငှက်မျိုးကို ဆိုလိုသည်။ ဗျိုင်းကြီး၊ ဗျိုင်းအောက်၊ ငပေစည်း၊ ခရုစုတ်၊ ခရုတုတ်၊ ရေစစ်စလီ၊ ရေညောင့်ကောင်၊ ကြိုးကြာခေါင်းနီ၊ တင်ကျီး၊ ကြာဖက်နှင်း၊ မြီးညောင့်ငှက် စသည်တို့ဖြစ်သည်။ ထိုငှက်များသည် အများအားဖြင့် ရွှံ့ကျက်စားသောငှက်များဖြစ်သလို ဆောင်းခိုငှက်များလည်း ဖြစ်သည်။ အခြားသော ရေပျော်ဆောင်းခိုငှက်များလည်း အများအပြားရှိပါသေးသည်။ မြန်မာနိုင်ငံတွင် ဆောင်းခိုမြီးညောင့်ငှက် မျိုးစိတ်ခြောက်မျိုးခန့်ရှိပြီး ရေညောင့်ငှက်မျိုးရင်းဝင် ၃၀ ခန့်ရှိသည်။ ကြာဖက်နင်းမျိုးရင်းဝင် နှစ်မျိုးရှိသည်။ မန္တလေးမြို့အနီးရှိ ဘကေသအင်းအတွင်း တောင်နန်းများကျရောက်နေသည့် ဗီဒီယိုမှတ်တမ်းတစ်ခုကိုလည်း လူမှုကွန်ရက်စာမျက်နှာတွင် မှတ်တမ်းတင်ထားသည်ကိုလည်း တွေ့လိုက်ရပါသေးသည်။ တောင်နန်းဆိုသည်မှာ ဆောင်းခိုငှက်တစ်မျိုးပင်ဖြစ်သည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ကျက်စားလေ့ရှိသည့်ငှက်တစ်မျိုးပင်ဖြစ်သည်။

ဆောင်းခိုငှက်များသည် ထူးခြားသော သွင်ပြင်လက္ခဏာများ ရှိတတ်ကြသည်။ ဥပမာ- နှုတ်သီးရှည်ခြင်း၊ ခြေတံရှည်ခြင်းစသည့် အချက်မျိုးကိုဆိုလိုသည်။ နှုတ်သီးရှည်ခြင်းက ရေနှင့် ရွှံညွန်အတွင်းရှိ ခရုအစရှိသောအရာများကို အလွယ်တကူ ထိုးယူစားသောက်နိုင်ကြသည်။ ရှည်သောခြေချောင်းနှင့် ခြေတံများပါရှိခြင်းက ရွှံညွန်အတွင်း သွားလာရာတွင် နစ်မြုပ်မနေစေရန်နှင့် ရွှံညွန်ကဲ့သို့သောပျော့ပျောင်းသောနေရာတွင် ခိုင်မြဲစွာကုပ်တွယ်ထားနိုင်စေရန် ရှည်လျားသော ခြေချောင်းများပါရှိသည်။ အခြားသော သားရဲတိရစ္ဆာန်များရန်မှ ကာကွယ်နိုင်စေရန် တချို့ကသဘာဝနှင့် လိုက်လျောညီထွေဖြစ်နိုင်စေရန် အရောင်များပါရှိသည်။ သဲသောင်များနှင့် ရေထဲ၊ ရွှံညွန်ထဲသွားလာနိုင်စေရန် ရှည်လျားသော ခြေထောက်များပါရှိသည်။ ခရုစုတ်၊ ခရုတုတ်ကဲ့သို့ ရေပျော်ဆောင်းခိုငှက်မျိုးဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် တချို့သောဒေသငှက်မျိုးစိတ်များအပြင် အခြားသောမျိုးစိတ်များလည်း မျိုးသုဉ်းမှု အန္တရာယ်နှင့်ရင်ဆိုင်နေကြရသည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်အောင်ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်ကလေးများ နေထိုင်ကျက်စားရာ ဒေသများကို ကာကွယ်ပေးခြင်း၊ ဆောင်းခိုရေပျော်ငှက်များကို အမဲလိုက်ခြင်းမှ ကင်းဝေးစေရန် လူအများအား အသိပညာပေး ဟောပြောခြင်း၊ ဒေသဆိုင်ရာရှိ လူအများကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါဝင်လာအောင်စည်းရုံးခြင်း၊ ရေပျော်ငှက်များ ပျော်စံကျက်စားရာနေရာများကို ကာကွယ်ထိန်းသိမ်းပေးခြင်း၊ သတ်မှတ်ပေးခြင်းဖြင့် ဆောင်းခိုငှက်များ မျိုးသုဉ်းမှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ။

မြန်မာ့အသံနှင့်ချစ်မြင်သံကြား

၁၈-၁၁-၂၀၂၄ တနလာနေ့

MRTV HD

06:00 အမျှရည်မင်းမိုဖုတရားထေရ် (ဝေဠုသုတ်၊ရတနာသုတ်၊တေဇဝန်သုတ်)
06:30 နံနက်ခင်းသတင်း
08:00 နှင်းခြဲတောင်ပိုးဟိုးဆေးခြယ်
08:20 မြန်မာနိုင်ငံရှိအသေးစားနှင့်အလတ်စား ပိရိဖွဲလာဂရုထွက်ကုန်းစွင့်ထုတ်လုပ်မှု လုပ်ငန်းများ၏အရည်အသွေးအာမခံစနစ် ပွဲပြိုးတိုးတက်ရေး
10:20 ပြုံးရွှင်ဆင်နွှဲတက်ကုန်းပြိုရဲ့ တန်းဆောင်တိုင်ပွဲ
11:19 ဘဏ္ဍာအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ ဆွေးနွေးပွဲတွင် ဥက္ကဋ္ဌ ပြောကြားသော အဖွင့်အမှာစကား
11:50 MRTV National News
12:19 ကျန်းမာရေးအတွက်တိုင်းရင်းဆေးဟင်း
12:55 ခွစ်စရာအလှည်တကာကြမယ်

mtv

07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
07:07 Travelogue: Ngwe Saung Beach
07:29 Bagan Lacquerware
07:43 Nutitious Avocado Foods
08:01 News
08:26 Asia Updates: Transforming Surgery With Japan's First Surgical Robot
09:01 Nature's Progeny Town: December Garden
09:25 Broom Making Business
09:37 Danu Food: Tofu Dish
09:45 Aye Aye Soe: Myanma Pioneer Female Bodybuilder
10:01 News
10:26 Topical Topics: Padonma Lotus Robe
10:40 Listening Pleasure, Instrumental Music Xylophone Solo Show

MRTV NRC

၀ (၀၆:၀၀ မှ ၀၈:၀၀)
ဝိုလ်ရာယဉ်ကျေးမှုပြန်း
ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ဒေသိုလ်ရာလမ်းပေါင်းပေါင်းနှင့်ည
ကယား (၁၀:၀၀ မှ ၁၂:၀၀)
ငွေတံဖါးမြို့လေးထီးသို့သီရာတစ်ဒေါက်
ဒေကာကရင် (၁၂:၀၀ မှ ၁၃:၀၀)
ကရင်မိုးရာကြာကံသာသုပ်
အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
စွန်ပစ်ထုတ်ပေးမှုတာပိုင်ပြင်လုပ်ငန်းကုန် လက်မှုထည်များထိသို့
အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
အားအားမြို့နယ်မှသရီးရှင်အသစ်သဘာဝရေ လိုက်ဝင်ထောင်
ချင်း (ရိုင်းဖိုး) (၁၅:၀၀ မှ ၁၆:၀၀)
ချင်း(ဖိုး)ဝတ်စားဆင်ယင်ပုံများ(အပိုင်း-၂)
ချင်း (ဇီးဖူး) (၁၆:၀၀ မှ ၁၈:၀၀)
ကျန်းမာရေးတွက်အကျိုးအာနိသင်တွေပေးတဲ့ ပန်ကျည်းသီး
မွန် (၁၈:၀၀ မှ ၁၉:၀၀)
ရာမည်ငယ်မြေအရပ်ဒေသများ(အပိုင်း-၃)
ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
မျိုးဂုက်တင်စေယဉ်ကျေးမှုအသင်း(အပိုင်း-၃)
ရှမ်း (၂၁:၀၀ မှ ၂၂:၀၀)
ပင်လောင်းသိုလီးသွင်ခြင်း(အပိုင်း-၁)

MRTV NEWS

06:00 အဖွင့်ဂေးသီချင်း
06:02 အားကစားသတင်း
08:20 နိုင်ငံတကာသတင်း(LIVE)
09:00 ပြည်တွင်းသတင်း(LIVE)
10:29 Sports Diary
11:50 နိုင်ငံတကာသတင်း(LIVE)
12:00 MRTV National News
16:00 သတင်းမုန်းကဏ္ဍ(LIVE)
18:20 နိုင်ငံတကာသတင်း(LIVE)
19:29 Weekly Selected News
20:00 ပြည်တွင်းသတင်း(LIVE)
22:19 သတင်းသမားပြောတဲ့သတင်းစကား

MRTV ENTERTAINMENT

12:19 သတင်းသမားပြောတဲ့သတင်းစကား
12:20 This Week's Special Interest
12:29 ပြည်ခရိုးသားမှုနှင့်တားဆေး
13:19 သံစဉ်ဝင်ပြာစတိုဖိုယိုတားကဏ္ဍာ
13:29 နိုင်ငံခြားဇာတ်လမ်းတွဲ
'ဆုတောင်းပြည့်ကြယ်တာရာစကား' (အပိုင်း-၁၃)
14:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဝိုးလေးသအခြေအနေ
15:20 ပြည်ခရိုးသားမှုနှင့်တားဆေး
15:40 သံစဉ်ချိုမြမြမာတေးအရ
17:29 နိုင်ငံခြားဇာတ်လမ်းတွဲ
'ယုံကြည်ရာမင်း' (အပိုင်း-၂၆)
22:59 ရုပ်မြင်သံကြားဇာတ်လမ်း

MRTV SPORTS

06:00 အဖွင့်
06:01 လူငယ်တို့အတွက်လမ်းပြကြယ်
06:09 Sports Diary
07:20 Wekly Sports Info
07:40 အားကစားသတင်း
08:00 E Sports

MRTV FARMERS

06:00 အဖွင့်နိုင်ငံတော်သီချင်း
06:09 သုတေသနပေါ်ကိုးနိုးနည်းပညာ
'စိုးဖွားခြစ်ကစိတ်ဘွမ်းသာကော်စိုးတ်ချိုးပါ'
07:00 တောင်သူလယ်သမားရေးရာသတင်း
08:30 Tips & Tricks
09:09 Planet.Earth.II.6of6.Cities
09:59 International Music Hits
10:00 ဆံပင်အတွဲ့ပေခင်ဖူး(ဇာတ်လမ်း)
11:00 Thirteen Lives (နိုင်ငံခြားဇာတ်လမ်း)

Scan Here
Education Channel

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ဒေးယျံ့ စေတီတော်မြတ်ကြီး၌ သာမည်ဖလအခါတော်နေ့ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးယျံ့စေတီတော်မြတ်ကြီးတွင် သာမည်ဖလအခါတော်နေ့ အခမ်းအနားကို စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများအားခံယူ၍ ပရိယတ္တိ ပဋိပတ္တိ ကျိုက်ဒေးယျံ့ မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက၊ ဗဟုဇနဟိတရေ ဓမ္မကထိက ဘဒ္ဒန္တ ဥတ္တရ ဆရာတော်ကြီး၏ ကြီးကြပ်မှုဖြင့် ကျိုက်ဒေးယျံ့ စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့မှ ကြီးမှူးကျင်းပသော တန်ဆောင်မုန်းလပြည့် သာမည်ဖလအခါတော်နေ့ တန်ဆောင်တိုင်ဆီမီး ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသည်။



သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ဒေးယျံ့ စေတီတော်မြတ်ကြီး၏ တန်ဆောင်မုန်းလပြည့်နေ့ သာမည ဖလအခါတော်နေ့တွင် စေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပရိယတ္တိ ပဋိပတ္တိ ကျိုက်ဒေးယျံ့ မဏ္ဍလာရာမ ကျောင်းတိုက် ပဓာနနာယက၊ ဗဟုဇနဟိတရေ ဓမ္မကထိက ဘဒ္ဒန္တ ဥတ္တရ ဆရာတော်ကြီးက သာမည်ဖလအခါတော်နေ့ တရားဟောကြားတော်မူပြီး ကျိုက်ဒေးယျံ့စေတီတော်မြတ် ဓမ္မမာမကဝတ်အဖွဲ့က သာမည်ဖလသုတ်အား ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးအား ဆီမီးများဖြင့်ပူဇော်ကြပြီး နိဗ္ဗာန်ဈေးပွဲတော်တွင် အလှူရှင်များ၊ စေတနာရှင်လူငယ်အသင်းအဖွဲ့များက စုပေါင်းကာ အာဟာရဒါန အကျွေးအမွေးများဖြင့် နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိဝင်ဘာ ၁၇

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၁၁-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လှိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၀၀	၃၀၉၀	၃၀၆၅	၃၀၂၀	၃၀၃၀	၃၀၀၅	၃၀၀၅	၃၀၇၀	၄၄၀၅	၃၂၂၅	၃၀၈၀	၃၀၃၅	၃၀၂၅	၃၀၁၅	၃၀၃၀	၃၂၅၀	၄၀၀၀
95 Ron	၃၂၀၀	၃၂၈၅	၃၂၆၀	၃၂၀၀	၃၂၈၅	၃၂၆၅	၃၃၀၀	၃၂၆၅	၄၅၆၀	၃၄၂၀	၃၂၇၀	၃၂၈၅	၃၄၂၀	၃၄၃၀	၃၄၃၀	၃၅၂၅	၄၁၅၀
HSD (500 ppm)	၂၆၆၅	၂၇၄၅	၂၇၂၀	၂၆၇၀	၂၇၄၅	၂၇၅၅	၂၇၇၀	၂၇၂၅	-	၂၈၀၀	၂၇၄၅	၂၇၅၀	၂၇၀၀	၂၇၇၀	၂၇၀၀	၃၀၈၅	၄၀၀၀
HSD (50 ppm)	၃၃၀၀	၃၃၉၀	၃၃၆၅	၃၃၂၀	၃၃၆၅	၃၄၀၅	၃၄၂၀	၃၃၇၅	၄၈၃၀	၃၅၄၀	၃၄၈၀	၃၄၆၅	၃၄၂၀	၃၄၁၅	၃၄၂၀	၃၄၈၅	-
HSD (10 ppm)	၃၃၀၀	၃၃၉၀	၃၃၆၅	၃၃၂၀	၃၃၆၅	၃၄၀၅	၃၄၂၀	၃၃၇၅	-	၃၅၄၀	၃၄၈၀	၃၄၆၅	၃၄၂၀	၃၄၁၅	၃၄၂၀	၃၄၈၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၅၃	၂၉၄၃
95 Ron	၃၀၃၉	၃၁၃၃
HSD (500 ppm)	၂၅၁၆	၂၅၉၆
HSD (50 ppm)	၃၁၄၄	၃၂၃၇
HSD (10 ppm)	၃၁၄၄	၃၂၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၄၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၁၁ - ၂၀၂၄

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၈၆၀၀	၈၆၀၀	၇၆၇	၆၅၉၆၂၀၀
MTSH	၃၃၅၀	၃၃၃၀	၃၄၂	၁၁၄၃၆၀၀
MCB	၀	၀	၀	၀
FPB	၁၈၅၀	၁၉၀၀	၁၃၃	၂၄၆၁၀၀
TMH	၂၈၅၀	၂၈၅၀	၃၅	၉၉၇၅၀
EFR	၁၇၀၀	၁၇၅၀	၁၀၇၀	၁၈၂၀၅၀၀
AMATA	၄၄၀၀	၄၅၀၀	၂၁၆	၉၅၀၇၀၀
MAEX	၃၃၀၀	၃၃၀၀	၁၀၆၀၃	၃၄၄၈၉၉၀၀
MADPL (PLB)	၃၅၀၀၀	၃၅၀၀၀	၀	၀

ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း

မောင်မောင်

ဧရာဝတီတိုင်းဒေသကြီးသည် စပါးကို အဓိကစိုက်ပျိုးသော မြန်မာနိုင်ငံ၏ ဆန်အိုးကြီး ဖြစ်ပါသည်။ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ဒေသနှင့်ကိုက်ညီသော အရည်အသွေးကောင်း၍ ဈေးကွက်ရှိသော စပါးမျိုးများအား ရွေးချယ်စိုက်ပျိုးသင့်လာပါသည်။ ယင်းမျိုးများထဲမှ ပေါ်ဆန်းအုပ်စုကို ထုတ်ကုန်အဖြစ် စိုက်ပျိုးရန် ပေါ်ဆန်း ဈေးကွက်ကို ဈေးကွက်ဝင်အမှတ်တံဆိပ်တစ်ခုအဖြစ် ပြည်တွင်းသာမက ပြည်ပအထိ တန်ဖိုးမြှင့်ထုတ်ကုန်ဆန်အဖြစ် ရပ်တည်နိုင်ရန် လိုအပ်လာပါသည်။



မြန်မာနိုင်ငံတွင် စပါးမျိုးသစ်ထုတ်လုပ်ရာတွင် ပြည်တွင်းဒေသမျိုးများ ရွေးချယ်ခြင်း၊ ပြည်ပမျိုးတင်သွင်းခြင်းနှင့် ရွေးချယ်ခြင်း၊ သမားရိုးကျမျိုးကူးစပ်ရွေးချယ်ခြင်း၊ မော်လီကျူလာနည်းဖြင့် မွေးမြူရွေးချယ်ခြင်း၊ မျိုးထွန်းနည်းဖြင့် မွေးမြူရွေးချယ်ခြင်းနှင့် အပင်တစ်ရှူးနည်းဖြင့် မွေးမြူရွေးချယ်ခြင်း စသည့်နည်းလမ်းများဖြင့် ထုတ်လုပ်ကြကြောင်း သိရှိရပါသည်။

၁၉၀၇ ခုနှစ်တွင် မော်ဘီ၊ စစ်တွေနှင့် မန္တလေးတို့တွင် ဗဟိုစိုက်ပျိုးရေးခြံများ စတင်တည်ထောင်ခဲ့ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ဒေသမျိုးများအား မျိုးသန့်မွေးမြူရွေးချယ် စုဆောင်းခြင်းများ ပြုလုပ်ကာ ငကျဲ (D 25–4)၊ ပေါ်ဆန်းမွေး (D 44–8)၊ ပင်ပိုစိမ်း (A 29–20)နှင့် အီကရင်ကွ (A 35–17) မျိုးများ ထုတ်လုပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ပေါ်ဆန်းမွေးမျိုးအား ၁၉၂၂ ခုနှစ်တွင် မူရင်းဒေသမြောင်းမြအဖြစ် တွေ့ရှိခဲ့ပြီး နိုင်ငံတော် မျိုးစေ့ကော်မတီက မှတ်ပုံတင်အမှတ် (Rc–2000–37) ဖြင့်လည်းကောင်း၊ ပေါ်ဆန်းဘေးကြားမျိုးအား မှတ်ပုံတင်အမှတ် (Rc–2000–38)ဖြင့် လည်းကောင်း ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မျိုးစေ့မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ရရှိနိုင်

ပေါ်ဆန်းစပါးမျိုးစိုက်ပျိုးရာတွင် စပါးအထွက်နှုန်းကောင်းစေရန် ဓာတ်မြေဩဇာများ အလွန်အကျွံ ထည့်သွင်းသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ စိုက်ပျိုးမည့်ဒေသ၏ သွင်းရေရရှိမှုနှင့် ပန်းပွင့်သည့်အချိန်သည် မိုးလွတ်ချိန်ဖြစ်ပြီး ရိုးနိုင်မည့်အပူချိန်တို့နှင့်ချိန်ညှိပြီး ပျိုးထောင်စိုက်ပျိုးချိန်ကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်မှသာ အထွက်နှုန်းတိုးတက်မြင့်မားပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ရရှိနိုင်မည် ဖြစ်ပါသည်။

ပေါ်ဆန်းစပါးမျိုးသည် အပင်အရပ်မြင့်ပြီး ပင်စည်ပျော့သဖြင့် အခြားအထွက်ကောင်း စပါးမျိုးများကဲ့သို့ ကောက်ကွက်စိပ်စိပ်စိုက်ပါက အပင်ဟုန်ပြီး ယိုင်လဲတတ်ပါသည်။ အကောင်းဆုံးပင်ကြား၊ တန်းကြားအကွာအဝေးမှာ မြေဆီထက်သန်မှုအလိုက် ၈ x ၈ လက်မ သို့မဟုတ် ၁၀ x ၈ လက်မ သို့မဟုတ် ၁၀ x ၁၀ လက်မ စိုက်ပျိုးသင့်ပါသည်။ ပေါ်ဆန်းစပါးမျိုးစိုက်ပျိုးရာတွင် သွင်းအားစု အချိုးအစားမှန်ကန်မှ အပင်သန်မည် ဖြစ်ပါသည်။

ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ တောင်သူအများစုသည် နွေရာသီတွင် ရက်–၉၀၊ ပခမ်းရွှေဝါ၊ သီးထပ်ရင်နှင့် ဆင်းသုခ စသော စပါးမျိုးများကို စိုက်ပျိုးကြပြီး မိုးရာသီတွင် ဆင်းသုခ၊ ပခမ်းရွှေဝါ၊ သီးထပ်ရင် စပါးမျိုးများနှင့် အရည်အသွေးကောင်း စပါးမျိုးများဖြစ်သည့် ဧရာမင်းနှင့် ပေါ်ဆန်းစပါးမျိုး စသည်တို့ကို စိုက်ပျိုးကြပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး (အထူးသဖြင့်) ရွှေဘိုနယ်၌ မိုးရာသီတွင် ဧရာမင်း၊ ပေါ်ဆန်းစပါးမျိုးများကို စိုက်ပျိုးကြပါသည်။

တူညီသော စပါးမျိုးဖြစ်သည့် အရည်အသွေးကောင်းပေါ်ဆန်းစပါးမျိုးကို ဖော်ပြပါ ဒေသနှစ်ခုတွင် စိုက်ပျိုးကြသော်လည်း ပေါ်ဆန်းစပါး၏ အထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေးမှာ အတန်အသင့် ကွာခြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ပေါ်ဆန်းမွေးစပါးမျိုးများသည် ဒေသသီးသန့် အရည်အသွေးရှိသည်ဟု တောင်သူများက ယုံကြည်ထားကြပါသည်။ ထိုသို့ကွာခြားရခြင်းမှာ မိုးရေချိန်ကွာခြားမှု၊ အပူချိန်ကွာခြားမှု၊ မြေဆီအဆင့်အတန်းကွာခြားမှုနှင့် ပတ်ဝန်းကျင်ကွာခြားမှု စသည့် အကြောင်းရင်းများစွာကြောင့် ဖြစ်နိုင်သော်လည်း မြေဆီလွှာအာဟာရဓာတ်ညီမျှမှုသည် အရေးကြီးသော အချက်များအနက်မှ တစ်ချက်ဖြစ်ကြောင်း သိရှိရပါသည်။

အထက်ဖော်ပြပါ သမိုင်းအထောက်အထားများရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးရှိ ပေါ်ဆန်းစပါးမျိုးများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် မြေဆီလွှာပျက်စီးမှုကို လျှော့ချရန်၊ မြေကြီးကျန်းမာရေးသည် လူ၏ကျန်းမာရေးနှင့် တိုက်ရိုက်အချိုးကျသဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဧရာဝတီရှိ ပေါ်ဆန်းအရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးသုတေသနဆောင်ရွက်၍ ရရှိလာသောဆန်အား ဈေးကွက်သုတေသနပြုဆောင်ရွက်နိုင်စေရေး ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)၏ တာဝန်ခံအား ဆောင်ရွက်စေခဲ့ပါသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာရှိ တောင်သူ ဦးကြည်ခိုင်စိုး၏ လယ်မြေ၌ သုတေသနဆောင်ရွက်ချက်နှစ်မျိုးဖြင့် သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ ထိုပြင် ၂၀၂၃ ခုနှစ် မိုးရာသီတွင်လည်း ဖော်ပြပါ သုတေသနဆောင်ရွက်ချက်နှစ်မျိုးဖြင့် သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ ထိုပြင် ၂၀၂၃ ခုနှစ် မိုးရာသီတွင်လည်း ဖော်ပြပါ သုတေသနဆောင်ရွက်ချက် နှစ်မျိုးအား ဦးကြည်ခိုင်စိုး၏ လယ်မြေတွင်ပင် ဒုတိယအကြိမ် ထပ်မံ၍ သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ သုတေသနဆောင်ရွက်ချက် နှစ်မျိုး၏ ဟူးမစ်အခြေခံသဘာဝမြေဩဇာ စမ်းသပ်ချက်များမှာ (တစ်ဧကလျှင်) စပါးပင်မွား ထွက်ချိန်တွင် နွားချေးမြေဆွေး ၆၅ ကီလိုဂရမ်၊ ဖွဲနု ၁၇ ကီလို ဂရမ်နှင့် သဘာဝဟူးမစ်မြေဩဇာ နှစ်ကီလိုဂရမ်ကို ရောနှော ကျွေးခဲ့ပါသည်။ မွှေကပ်စအချိန်တွင်လည်း နွားချေးမြေဆွေး ၆၅ ကီလိုဂရမ်၊ ဖွဲနု ၁၇ ကီလို ဂရမ်နှင့် သဘာဝဟူးမစ်မြေဩဇာ သုံးကီလိုဂရမ်ကို ရောနှော ထပ်မံကျွေးခဲ့ပါသည်။ နှံစုပ်ကြမ်းပိုး ကျရောက်ချိန်တွင် ကွန်ဖာဒီဝင်ပိုးသတ်ဆေးတစ်မျိုးသာ အသုံးပြုခဲ့ပြီး စပါးကုပ်ကျိုးရောဂါကျရောက်ချိန်တွင် ထရိုင်ဂိုဒါဇိုးမားမှိုအား တစ်ဧကလျှင် ငါးထုပ်နှုန်းဖြင့် ငါးကြိမ်ဖျန်း၍ အသုံးပြုခဲ့ပါသည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် မိုးရာသီ ပထမသုတေသနဆောင်ရွက်ချက်၏ ရလဒ်များအရ ပေါ်ဆန်းစပါးမျိုး ခြောက်မျိုးဖြစ်သည့် မြောင်းမြပေါ်ဆန်းရင်၊ ရွှေတိုပေါ်ဆန်းရင်၊ ဖျာပုံပေါ်ဆန်းရင်၊ ရွှေဝါရင်၊ ဧရာဝတီပေါ်ဆန်းကြီးနှင့် ဖျာပုံပေါ်ဆန်းကြီးတို့ကို စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် စပါးမျိုးများအလိုက် အထွက်နှုန်းများ သိသာစွာကွာခြားသည်ကို တွေ့ရှိရပါသည်။ ရွှေတိုပေါ်ဆန်းရင်သည် အသက်ရက် ၁၂၅ ရက်ဖြင့် သက်တမ်းအတိုဆုံးမျိုးဖြစ်ပြီး ဧရာဝတီပေါ်ဆန်းကြီးသည် ၁၆၁ ရက်ဖြင့် အသက်ရက်အကြီးဆုံးမျိုးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ပင်မွားအနေဖြင့် မြောင်းမြပေါ်ဆန်းရင်နှင့် ရွှေဝါရင်သည် အနုပါပင်မွားအနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အောင်စေရာခိုင်နှုန်းအနေဖြင့် ဖျာပုံပေါ်ဆန်းရင် ၉၃ ရာခိုင်နှုန်း၊ ဖျာပုံပေါ်ဆန်းကြီးနှင့် ဧရာဝတီပေါ်ဆန်းကြီးတို့သည် ၉၂ ရာခိုင်နှုန်း စသည်ဖြင့် အများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ အထွက်နှုန်းအနေဖြင့်လည်း ဖျာပုံပေါ်ဆန်းရင် ၁၂၃ တင်း၊ ဖျာပုံပေါ်ဆန်းကြီးနှင့် ဧရာဝတီပေါ်ဆန်းကြီးသည် ၁၁၇ တင်းစီဖြင့် ကျန်မျိုးသုံးမျိုး၏ ပျမ်းမျှအထွက်နှုန်းထက် သိသာစွာ များပြားသည်ကို တွေ့ရှိခဲ့ရသည့်အတွက် ဖျာပုံပေါ်ဆန်းရင်၊ ဖျာပုံပေါ်ဆန်းကြီးနှင့် ဧရာဝတီပေါ်ဆန်းကြီးမျိုးများသည် စီးပွားဖြစ်တွက်ခြေကိုက်ပြီး ကြေကြေည့ဒေသနှင့် သင့်တော်သည့် စပါးမျိုးများဖြစ်သည်ဟု သိရပါသည်။

ဒုတိယသုတေသန ဆောင်ရွက်ချက်အဖြစ် ၂၀၂၂ ခုနှစ် မိုးရာသီတွင် တောင်သူ ဦးကြည်ခိုင်စိုး၏ လယ်မြေ၌ ဧရာဝတီပေါ်ဆန်းကြီး ဧက ၃၀ ကို အထက်ပါ ဟူးမစ်အခြေခံသဘာဝမြေဩဇာ စမ်းသပ်ချက်အတိုင်း စိုက်ပျိုးခဲ့ရာ စုစုပေါင်းပျမ်းမျှအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ် မိုးရာသီတွင်လည်း အထက်ပါတောင်သူ ဦးကြည်ခိုင်စိုး၏ လယ်မြေ၌ ၆၆ ဧက စိုက်ပျိုးခဲ့ရာ စုစုပေါင်းပျမ်းမျှအထွက်နှုန်း ၁၀၃ တင်း ထွက်ရှိခဲ့ပါသည်။

စမ်းသပ်စိုက်ပျိုးခြင်းမှ ရရှိလာသောဆန်အား ဓာတ်မြေဩဇာအသုံးပြု၍ စိုက်ပျိုးထားသော ပေါ်ဆန်းဆန်နှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာသုတေသနဦးစီးဌာန ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်ခဲ့ရာ ဟူးမစ်အခြေခံသဘာဝမြေဩဇာအသုံးပြု၍ စိုက်ပျိုးထားသော ပေါ်ဆန်းဆန်မှာ ဓူးရှသောမွေးရန့်ရရှိခြင်း၊ ဆန်သားအနည်းငယ် ပျော့ပျောင်းမှုရှိခြင်း၊ ဆန်သားအနည်းငယ် စေးကပ်ခြင်းဟူ၍ ဆန်အရည်အသွေးမြင့်တက်လာသော ဂုဏ်သတ္တိများရရှိသည်ကို တွေ့ရှိရပါသည်။

ဟူးမစ်အခြေခံ သဘာဝမြေဩဇာအသုံးပြု

မြေနမူနာ ဓာတ်ခွဲစမ်းသပ်မှုအဖြေများအရ အပင်မှ စုပ်ယူစားသုံးနိုင်သော တီစူပါဓာတ် (K)၊ ပိုတက်ရှ် (P) ဓာတ်နှင့် သစ်ဆွေးဓာတ်များသည် မစိုက်ပျိုးမီအချိန်ထက် စိုက်ပျိုးပြီးချိန်တွင် ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ဓာတ်ခွဲစမ်းသပ်မှုအဖြေများအရ ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်းဟူ၍ အမည်တွင်ကာ တောင်သူဦးကြည်ခိုင်စိုး၏ ဓာတ်ပုံဖြင့် သုံးကီလိုဂရမ်ပါ ဆန်အိတ်များထုပ်ပိုး၍ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့ အထိမ်းအမှတ်ပြဝန်းများနှင့် ဧရာဝတီတိုင်းဒေသကြီး၏ စက်မှုထုတ်ကုန်ပြပွဲများတွင် ရောင်းချခဲ့ရာ ဈေးကွက်ရရှိပြီး စားသုံးသူများ၏ ကြိုက်နှစ်သက်မှုရှိကြောင်း သိရှိရပါသည်။ ဟူးမစ်အခြေခံ သဘာဝမြေဩဇာအသုံးပြု၍ ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်ခြင်းအား မြဝတီရုပ်မြင်သံကြားကလည်း လျှပ်တစ်ပြက်ရိုက်ချက် အစီအစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါသည်။

ဦးကြည်ခိုင်စိုး၏ရလဒ်အား အခြားတောင်သူများက အားကျလာ၍ ၂၀၂၃ ခုနှစ် မိုးရာသီတွင် ဓာတုကင်းလွတ်ပေါ်ဆန်းစပါး စိုက်ပျိုးလိုသော တောင်သူများရှိလာခဲ့မှုအပေါ် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဧက ၂၀၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါသည်။ အဆိုပါ ဧက ၂၀၀ ၏ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းမှာ ၉၂ တင်း ဖြစ်ပါသည်။ ဖော်ပြပါ ဟူးမစ်အခြေခံ သဘာဝမြေဩဇာအသုံးပြု၍ ပေါ်ဆန်းစပါးစိုက်ပျိုးခြင်းအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေမြေဒေသကွာခြားသော ဒေသများတွင်လည်း ဆက်လက်၍ သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၏ ပေါ်ဆန်းစပါး အရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သုတေသနဆောင်ရွက်ရာတွင် ဟူးမစ်အခြေခံသဘာဝမြေဩဇာ ထည့်သွင်းနည်းစနစ်များကို အသုံးပြုနိုင်ခဲ့သဖြင့် မြေဆီလွှာ၏ ဒြပ်ဂုဏ်သတ္တိများ တိုးတက်စေခြင်း၊ သွင်းအားစုကုန်ကျစရိတ်သက်သာခြင်း၊ ဈေးကွက်ဝင်၍ မြင်သာသော အကျိုးအမြတ်များကို ရရှိစေခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး စားကောင်းသော ဆန်ရရှိစေခြင်း အစရှိသော အကျိုးကျေးဇူးများ ရရှိစေခဲ့သည့် "ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်း" အကြောင်းအား ရေးသားတင်ပြလိုက်ရပါသည်။

"ဧရာဝတီတိုင်းဒေသကြီး၏ ပေါ်ဆန်းစပါး အရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးသုတေသနဆောင်ရွက်ရာတွင် ဟူးမစ်အခြေခံ သဘာဝမြေဩဇာ ထည့်သွင်းနည်းစနစ်များကို အသုံးပြုနိုင်ခဲ့သဖြင့် မြေဆီလွှာ၏ ဒြပ်ဂုဏ်သတ္တိများ တိုးတက်စေခြင်း၊ သွင်းအားစုကုန်ကျစရိတ်သက်သာခြင်း၊ ဈေးကွက်ဝင်၍ မြင်သာသော အကျိုးအမြတ်များကို ရရှိစေခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး စားကောင်းသော ဆန်ရရှိစေခြင်း အစရှိသော အကျိုးကျေးဇူးများရရှိ"

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအနက် ကျန်ရှိသည့် အိမ်ထောင်စုများအား ထောက်ပံ့၊ မြို့ရေကြီးရေလျှံမှုကာကွယ်ရေး အင်ဂျန်းချောင်းရေထွက်ပေါက်နေရာ၌ ရေထိန်းတံခါးပြုလုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

မြစ်ကြီးနား နိဝင်ဘာ ၁၇

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် ဇွန် ၃၁ ရက်နှင့် ဇူလိုင် ၁ ရက်တွင် ဧရာဝတီမြစ် အထက်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် စံချိန်တင်မြစ်ရေကြီးမြင့်မှု ဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား စဉ်ဆက်မပြတ် ထောက်ပံ့ပေးခဲ့ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် နိဝင်ဘာ ၁၆ ရက် နံနက်က အဆိုပါရေဘေးသင့် ပြည်သူများအနက် ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စုအတွင်းမှ ကျန်ရှိသည့် ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို တက်ရောက်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့် ပြည်သူများအား မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့ရသော အိမ်ထောင်စုများ ကျန်ရှိမှုမရှိစေရေး စနစ်တကျစီစဉ်၍ ပထမအကြိမ်၊ ဒုတိယအကြိမ် စသဖြင့်ထောက်ပံ့မှုများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ကျန်ရှိနေသေးသော နောင်ချိန်းကျေးရွာမှ အိမ်ထောင်စုများအား တတိနိုင်သရွေ့ အထောက်အပံ့ဖြစ်စေရန် ပံ့ပိုးကူညီနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်စုများအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ မိသားစုစားဝတ်နေရေး အဆင်ပြေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်ချက်များ၊ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုပါကြောင်း တိုက်တွန်းအားပေး ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ဝိုင်းမော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအနက် ကျန်ရှိသော နောင်ချိန်းကျေးရွာအုပ်စု၊ ခမ်းဘူ၊ သဲပိုင်၊ အင်ဂမ်း၊ မလိယန်ကျေးရွာများမှ အိမ်ထောင်စု ၂၈၃ စု၊ လူဦးရေ ၁၃၆၆ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်းငွေကျပ် ၁၀၆၅၀၀၀၀ တန်ဖိုးရှိ အိမ်ထောင်စု တစ်စုလျှင် ဆန် ၁၂ ပြည်နှုန်းဖြင့် ဆန်အိတ်ပေါင်း ၁၄၂ အိတ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ကယ်ဆယ်ပစ္စည်း ၁၆ မျိုးပါဝင်သည့် Kit ပုံး အိမ်ထောင်စု ၂၈၃ စု အတွက် အိမ်ထောင်စု သုံးစွဲလျှင် တစ်ပုံးနှုန်းဖြင့် စုစုပေါင်း Kit ပုံး ၉၅ ပုံးကို ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

ထို့အပြင် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် အမြင့်ဆုံး မြစ်ရေမြင့်တက်မှုမှ ကာကွယ်ထားနိုင်ရေး ကမ်းထိန်းနံရံ၊ ရေကာတာနှင့် အဓိကရေဝင်ပေါက်နေရာများတွင် ရေထိန်းတံခါးများ တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဓိကရေဝင်ပေါက်နေရာတစ်ခုဖြစ်သည့် အင်ဂျန်းခချောင်းနှင့် ဧရာဝတီမြစ်ဆုံသည့်နေရာတွင် ရေထိန်းတံခါး တည်ဆောက်နိုင်ရေးအတွက် ချောင်းဧရိယာ ရှင်းလင်းနိုင်ရေး၊ ချောင်းဧရိယာအတွင်း ကျူးကျော်ထားသည့် ခြံဝင်းများနှင့် စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းနိုင်ရေး တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ်သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ်သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုယ်ထွေသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

လျှောက်ပွေ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှောက်ပွေ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှောပေ့ါပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှောပေ့ါပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှောပေ့ါပေးနိုင်သည်။

ရွေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးဘဲကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးဘဲကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

အဓိက တိုက်စစ်ကစားသမား ဟာလန်းကို စာချုပ်သစ်ချုပ်ဆိုနိုင်မည်ဟု မန်စီးတီး ယုံကြည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ဒွေကြေးအမြောက်အမြား သုံးစွဲကာ အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား အာလင်း ဟာလန်းကို စာချုပ်သစ်ချုပ်ဆိုနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၂၄ နှစ်အရွယ် နော်ဝေတိုက်စစ်ကစားသမား ဟာလန်းနှင့် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဟာလန်းသည် အီတီဟက်၌ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါက တစ်ပတ်လျှင် ပေါင် ၎းသိန်းရရှိဖွယ်ရှိကြောင်းနှင့် ပရီမီယာလိဂ်တွင်လုပ်ခအမြင့်ဆုံးပေးချေသည့် ကစားသမား ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဟာလန်းသည် ဥရောပတွင် တစ်ဦးချင်းဝင်ငွေအများဆုံးရရှိသူများစာရင်းတွင် ပါဝင်လာမည် ဖြစ်သည်။ လက်ရှိတွင် ဘာစီလိုနာအသင်းမှ နယ်သာလန် ကွင်းလယ်ကစားသမား ဖရန့်ကီ ဒီဂျောင်က တစ်ပတ်လုပ်ခ ပေါင်ခြောက်သိန်းဖြင့် အများဆုံး ရရှိနေသည်။ ဟာလန်း၏ မိသားစုနှင့် ဘရာဇီးစူပါအေးဂျင့် ရာဖေး ပီမန်တာတို့သည် နေ့ဝေနိုင်ငံ၌ စာချုပ်သစ်နှင့်ပတ်သက်ပြီး နောက်ဆုံးညှိနှိုင်းဆွေးမှုအတွင်း မန်စီးတီးအသင်းအနေဖြင့် အပြုသဘောဆောင်သော တုံ့ပြန်မှုကို ရရှိကြောင်း သိရသည်။

ဒေါ်မွန်တိုက်စစ် ကစားသမား ဟောင်း ဟာလန်းသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ပေါင်သန်း ၆၀ ဖြင့် အီတီဟက်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့သူဖြစ်ပြီး တစ်ပတ်လျှင် ပေါင် ၃၇၅၀၀၀ ရရှိနေသူ ဖြစ်သည်။ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့လျှင် မန်စီးတီးအသင်းသည် အဆိုပါ တိုက်စစ်ကစားသမားကို ၂၀၂၈-၂၀၂၉ ရာသီကုန်အထိ အီတီဟက်တွင် ထိန်းထားနိုင်တော့မည် ဖြစ်သည်။

တိုက်စစ် ကစားသမား ဟာလန်းသည် ပရီမီယာလိဂ် သွင်းဂိုးအများဆုံး ကစားသမား စာရင်းတွင် ၁၂ ဂိုးဖြင့် ဦးဆောင်ထားသည်။





နယူးကာဆယ်က အီဆတ်ကိုရောင်းထုတ်ကာ ကမ္ဘာ့အဆင့်ကစားသမားဖြင့် အစားထိုးရန်ပြင်ဆင်

နယူးကာဆယ်အသင်းသည် အသင်းအဓိက တိုက်စစ်ကစားသမား အလက်ဇန္ဒြား အီဆတ်ကို ရောင်းထုတ်ကာ ကမ္ဘာ့အဆင့်ကစားသမား တစ်ဦးဖြင့် အစားထိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

နယူးကာဆယ်အသင်းသည် လက်ရှိတွင် တူကီယဲကလပ် ဂါလာတာစာရေးအသင်းမှ တိုက်စစ်ကစားသမား ဗစ်တာအိုစင်မန်ဖြင့် အစားထိုးရန် ဆန္ဒရှိသည်။

၂၀၂၂ ခုနှစ်တွင် လာလီဂါမှ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရောက်ရှိလာသော အီဆတ်သည် ခြေစွမ်းကောင်း ပြသထားနိုင်သောကြောင့် ကလပ်အသင်းအများအပြား၏ စိတ်ဝင်စားမှုကို ရရှိထားသူ ဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် အီဆတ်သည် ပြီးခဲ့သည့်ရာသီ နယူးကာဆယ်အသင်း၌ ပွဲပေါင်း ၄၀ တွင် သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူထားသည်။ ၎င်းသည် ယခုနှစ်ရာသီတွင်လည်း အသင်းအတွက် ၁၁ ပွဲ ကစားပြီး ၎းဂိုး သွင်းယူပေးထားသည်။ အာဆင်နယ်အသင်းသည် အီဆတ်ကို ခေါ်ယူကာ တိုက်စစ်ကို အားဖြည့်လိုနေသည်။

ပေါ်တူဂီကို ရှုံးကြွေးပြန်ဆပ်ရန် ကြိုးစားလာမည့် ခရိုအေးရှား

နေးရှင်းလိဂ် (က) အုပ်စု (၁) ပွဲစဉ် (၆) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ခရိုအေးရှားနှင့် ပေါ်တူဂီအသင်း ပွဲစဉ်ကို နိုဝင်ဘာ ၁၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပေါ်တူဂီအသင်းသည် ယခုပွဲစဉ်မတိုင်မီကတည်းက အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်လှမ်းထားသည်။ သို့သော်လည်း အိမ်ရှင်အဖြစ် လက်ခံကစားမည့် ခရိုအေးရှားအသင်းက နောက်တစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် မဖြစ်မနေရလဒ်ကောင်းရရှိရေး ရုန်းကန်ရဦးမည် ဖြစ်သည်။

အဆိုပါ နှစ်သင်း နောက်ဆုံးအကြိမ်တွေ့ဆုံမှုတွင် ပေါ်တူဂီအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိထားသည်။ ခရိုအေးရှားအသင်းသည် နေးရှင်းလိဂ် ပွဲစဉ် (၅) တွင် ပြိုင်ဘက် စကော့တလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ထားသည်။

ပေါ်တူဂီအသင်းက ပွဲစဉ် (၅) တွင် အသင်းအဓိက တိုက်စစ်ကစားသမား စီရော်နယ်ဒို ခြေစွမ်းပြမှုနှင့်အတူ ပိုလန်ကို ၎းဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိထားသည်။



■ မိုးဇော် - စုစည်းသည်

စလိုဗက်ကီးယားကို အနိုင်ရရှိမှုကြောင့် နေးရှင်းလိဂ် (ခ) သို့ တက်လှမ်းရေးနီးစပ်လာသည့် ဆွီဒင်



ယူအီးအက်ဖ်အေ နေးရှင်းလိဂ် (ဂ) အုပ်စု (၁) ပွဲစဉ် (၅) မှ နာမည်ကြီး ဆွီဒင်နှင့် စလိုဗက်ကီးယား အသင်းပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ဆွီဒင်အသင်းက စလိုဗက်ကီးယားအသင်းကို ခြေစွမ်းသာလွန်မှုနှင့် အတူ ပွဲချိန်အများစုတစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သည်။ ပြိုင်ဘက် စလိုဗက်ကီးယားအသင်း၏ တုံ့ပြန်ကစားမှုကလည်း ဆွီဒင်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့စေခဲ့သည်။

ဆွီဒင်နှင့် စလိုဗက်ကီးယားအသင်းတို့သည် အဆိုပါ အုပ်စုတွင် အကဲစံတိုနီးယား၊ အဇာဘိုင်ဂျန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

နေးရှင်းလိဂ် (ခ) သို့ တက်လှမ်းနိုင်ရေးအတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သည့်အတွက် ပြိုင်ဆိုင်မှု အကြိတ်အနယ်ရှိခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် စလိုဗက်ကီးယားအသင်းမှ အားထားရသည့် ခံစစ်ကစားသမား စက္ကရီနီယာ နှစ်ဝါ တစ်နှီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဆွီဒင်အသင်းအတွက် သွင်းဂိုးများကို ဂိုကီရက်စ်နှင့် အီဆတ်တို့က သွင်းယူပေးပြီး စလိုဗက်ကီးယားအသင်းအတွက် သွင်းဂိုးကို ဟန်ကိုက သွင်းယူပေးခဲ့သည်။

ယခုနိုင်ပွဲကြောင့် ဆွီဒင်အသင်းက ရမှတ် ၁၃ မှတ်ဖြင့် နေးရှင်းလိဂ် (ခ) သို့ တက်လှမ်းနိုင်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။ ဆွီဒင်အသင်းသည် နိုဝင်ဘာ ၂၀ ရက်တွင် အဇာဘိုင်ဂျန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

နောက်ဆုံးရအားကစားသတင်းတိုများ

- အသက် ၅၃ နှစ်အရွယ် မန်စီးတီးအသင်းနည်းပြ ပွါဒီယိုလာသည် အီတီဟက်၌ တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် မူအားဖြင့် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ဂေါ်ရက်ကာ (၂၉ နှစ်) ကို ခေါ်ယူရန် ယူနိုင်တဘာလင်အသင်းနှင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်ယူအသင်းမှ နယ်သာလန် တိုက်စစ်ကစားသမား ဇီဇီး (၂၃ နှစ်) ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် နာပိုလီအသင်းမှ ဂျော်ဂျီယာ တောင်ပံကစားသမား ခါဗီချာကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် လိုင်လီအသင်းမှ ကနေဒါတိုက်စစ်ကစားသမား ဒေးဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ၎င်း၏ စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွားတုတပ်ဆင်ပေးနေမှု ကြည့်ရှုအားပေး

ပုသိမ် နိုဝင်ဘာ ၁၇

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၁၄ မှ ၁၇ အထိ ဆောင်ရွက်လျက်ရှိသော သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွားတုပြုလုပ်တပ်ဆင်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွားနှုတ်ခြင်း၊ OPG X Ray ဓာတ်မှန်စက်ဖြင့် ရိုက်ကူးစစ်ဆေးခြင်း၊ သွားတုအံကပ်ပုံစံများရယူခြင်း၊ ပြန်လည်ချိန်ညှိခြင်း၊ အတည်ပြုထုတ်လုပ်ခြင်းများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧနီးက ဘိုးဘွားများအား သွားတုအံကပ်များ တပ်ဆင်ပေးခဲ့ပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွားတုပြုလုပ်တပ်ဆင်ပေးခြင်းများကို ပုသိမ်မြို့ သီရိဝဏ္ဏ ဘိုးဘွားရိပ်သာ (ရွှေမြင်တင်)နှင့် စက်တော်ရာ ဘိုးဘွားရိပ်သာတို့မှ ဘိုးဘွား ၃၅ ဦး၊ ပြင်ပမှ ဘိုးဘွား ၁၂ ဦး စုစုပေါင်း ၄၇ ဦးကို သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများက စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ကျိုင်းတုံမြို့ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျိုင်းတုံ နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၃၅၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်ပေါင်းမြက်များ အမြင်တင့်တယ်စေရန်နှင့် လေဝင်/လေထွက်ကောင်းမွန်စေရေး ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆယ်ယူရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ကျိုင်းတုံ ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာ တိုးမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသူများကို ရေသန့်ဘူး၊ မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ထိုင်းနိုင်ငံတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားဟောင်းများ အသင်းက (Association of Myanmar Alumni from Universities in Thailand(AMAUT) မှ ကြီးမှူးပြုလုပ်သည့် (၈)ကြိမ်မြောက် ထိုင်းပညာရေးပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol VISITSTUMP က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဒုတိယဥက္ကဋ္ဌဒေါက်တာဝင်းစည်သူနှင့် ထိုင်းနိုင်ငံ တက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသား ဟောင်းများ အသင်းဥက္ကဋ္ဌ ဦးမိုးမြင့်ကျော်တို့က အမှာစကားများ ပြောကြားကြပြီး ပြပွဲကိုဖွင့်လှစ်ပေးသည်။

ယနေ့ပြပွဲတွင် ထိုင်းနိုင်ငံ အတွင်းရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ် ၂၉ ခု ပါဝင်ပြသလျက်ရှိရာ မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်များ ထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။



အဆိုပါ ပညာရေးပြပွဲကို နိုဝင်ဘာ ၁၈ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ရာ စိတ်ဝင်စားသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများအနေဖြင့် ထိုင်းတက္ကသိုလ်အများအပြားနှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်းနှင့် အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။ အာကာလင်း

ကျောင်းကုန်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး



ကျောင်းကုန်း နိုဝင်ဘာ ၁၇

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီဆိုင်များအား ယနေ့နံနက် ၁၀ နာရီက ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးအောင်နိုင်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်ကို၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ စည်ပင်သာရေးအဖွဲ့ ဒုတိယ ဦးစီးမှူးဦးဇော်ထွေးတို့က မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် TS စက်သုံးဆီအရောင်းဆိုင်နှင့် အင်ကြင်းနီ စက်သုံးဆီ အရောင်းဆိုင်တို့ကို လိုက်လံ စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

နဝမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက်(MAPCO) ၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက်(MAPCO) ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က အမှာစကားပြောကြားပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက်အမြတ် ဝေစုခွဲဝေပေးမည့်အစီအစဉ်များအား တင်ပြသည်။

ယင်းနောက် အစုရှယ်ယာရှင်များက အကြံပြုဆွေးနွေးခြင်းနှင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့အသစ်ဖွဲ့စည်းမှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ စာရင်းစစ်အစီရင်ခံစာနှင့် စာရင်းစစ်ခန့်အပ်မှုနှင့် ၂၀၂၄-၂၀၂၅ သက်တမ်းအတွက် ဒါရိုက်တာအဖွဲ့ဖွဲ့စည်းမှုအား အတည်ပြုချက်ရယူခြင်းကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက် (MAPCO)၏ စီးပွားရေးလုပ်ငန်းများနှင့် စီမံကိန်းရင်းနှီးမြှုပ်နှံမှုများ အဖြစ် ပို့ကုန်သွင်းကုန်လုပ်ငန်းများတွင် ဆန်၊ ဆန်ကွဲပေါင်းဆန် တင်ပို့ရောင်းချခြင်း၊ ပဲမျိုးစုံနှင့် စားပြောင်းတင်ပို့ရောင်းချခြင်း၊ ဓာတ်မြေဩဇာတင်သွင်းမှု(ကွန်ပေါင်း /ယူရီးယား)၊ လယ်ယာလုပ်ငန်း သုံးစက်ပစ္စည်းများတင်သွင်းမှု၊ လယ်ယာကဏ္ဍဝန်ဆောင်မှုလုပ်ငန်း များတွင် ကန်ထရိုက်လယ်ယာလုပ်ငန်း (စပါး/ဆီထွက်သီးနှံ)၊ သဘာဝ ဓာတ်မြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ နွားမွေးမြူရေးထိန်းကျောင်း ဝန်ဆောင်မှုလုပ်ငန်း၊ ဆန်စပါး ကြိတ်ခွဲ၊ သန့်စင်ရေးလုပ်ငန်း၊ စီမံကိန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်မှု စီမံကိန်း၊ ဆန်စက်သို့လှောင်ရုံနှင့် သီးနှံအခြောက်ခံစက်များ တည်ဆောက်ရေးစီမံကိန်း၊ ဝီနံအိတ်ခွဲထုတ်လုပ်ရေး စက်ရုံစီမံကိန်း၊ စပါးခွဲမှ လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန /အဖွဲ့အစည်းများတွင် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme– PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့ မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်း ဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု



လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်း ဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး
ကော်မရှင်

သာကေတမြို့နယ်ကြက်ခြေနီအသင်းခွဲ၏ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မိုလ်တထောင်ခရိုင် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲကကြီးမှူး၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း အမှတ်စဉ်(၁)၊(၂)၊(၃)/၂၀၂၄ ကို ၇/အရှေ့ရပ်ကွက်ရှိ ဇီနမောရ်အောင် စေတီတော်ဘုရားဝင်း၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါ သင်တန်းကို သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လမ်းညွှန်ချက်နှင့်အညီ ရှေးဦးပြုစုခြင်း အတတ်ပညာများကို အများပြည်သူများ သိရှိတတ်မြောက်ပြီး ဘေးအန္တရာယ်ထိခိုက်ခံစားရသူများကို အကူအညီပေးနိုင်ရန် ရည်ရွယ်၍ မြို့နယ် ကြက်ခြေနီအသင်းခွဲရှိ နည်းပြအရာရှိများဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားကြသူများကို ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် သင်တန်းအမှတ် စဉ် (၁)၊ (၂)၊ (၃)/၂၀၂၄ အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်သင်ကြားပေးခဲ့ရာ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသဘောတရားများ၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ ကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်းများ၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်း၊ သတိလစ်ခြင်း၊ အဆိပ်မိခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ကြွက်သားနှင့် ရိုးဆက်ကြောဒဏ်ရာ စသည့်ဝေဒနာများနှင့် ပတ်သက်၍ အထောက်အကူပြု အခြေခံ ရှေးဦးပြုစုနည်းများကို ဘာသာရပ်အလိုက် သင်တန်းနည်းပြ ၁၀ ဦးက စာတွေ့လက်တွေ့ သင်ကြားပေးသည်။

ရှေးဦးပြုစုခြင်း အခြေခံ သင်တန်း အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာအထက်တန်းကျောင်းများမှ အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများနှင့် ပြင်ပမှ စိတ်ဝင်စားသူ သင်တန်းသားများ စုစုပေါင်း ၉၁ ဦး တက်ရောက်သင်ကြားပြီး ဘာသာရပ်အလိုက် ဆန်းစစ်ချက်ဖြေဆိုရမည်ဖြစ်ကြောင်း သိရှိရသည်။

မြို့နယ် (ပြန်/ဆက်)



ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင် နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊
- ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊
- ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင့်သင့်ပြင်ဆင်ထားရှိပါရန်၊
- ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဧရေဒါပင်၊ ရေနှေပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ရေအရင်းအမြစ်ရယူသောရေနှာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဌာန၏ သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

အာဆီယံအမျိုးသမီး ဖူဆယ်ပြိုင်ပွဲ၌ မြန်မာအသင်းနှင့် ဗီယက်နမ် ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယ နေ့ကို နိုဝင်ဘာ ၁၇ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက် ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဂိုးများပြန်သွင်း

မြန်မာအသင်းသည် နာမည်ကြီးဗီယက်နမ်အသင်းကို ပထမပိုင်း၌ အပြန်အလှန်ကစားကာ နှစ်ဂိုး - တစ်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်း၌ ဂိုးများ ဆက်တိုက်ပေးခဲ့ရသဖြင့် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းကို နှစ်နှစ်ကျော်မှ ပြန်လည် ဖွဲ့စည်းထားသည့်အပြင် နိုင်ငံတကာ အတွေ့အကြုံနည်းပါး



မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

မှုကြောင့် အရေးပါသည့်အချိန်တွင် လိုအပ်ချက်များရှိခဲ့ပြီး ဒုတိယပိုင်းတွင် လေးဂိုးပြန်ပေးရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ပွဲအစတွင် ဗီယက်နမ်အသင်းက ဂိုးစတင်သွင်းယူသော်လည်း ၁၀ မိနစ်တွင် နန်းဆိုင်ဘရင်းနှင့် ၁၅ မိနစ်တွင် ဆက်နွယ်နိတို့က မြန်မာအသင်းအတွက် ဂိုးများပြန်သွင်းခဲ့သည်။

ယှဉ်ပြိုင်ကစား

အုပ်စုဒုတိယနေ့ အခြားပွဲတွင် ထိုင်းအသင်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ဒုတိယနေ့အပြီးတွင် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်စီ၊ အင်ဒိုနီးရှားအသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။ အုပ်စုတတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

❒ *ကျောဖုံးမှ*

အနိုင်ယူကာ ချန်ပီယံအိပ်မက်ဆက်လက်ရှင်သန်ခဲ့သည်။ Chinland အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၃ မိနစ်တွင် ဝေယံထွန်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Chinland အသင်း ကွင်းလယ်ကစားသမား ကျော်စွာထက်က ရရှိသည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် တက္ကသိုလ်အသင်းသည် ဂိုးပြတ် နိုင်ပွဲရယူနိုင်ခဲ့သည်။ ရွှေပြည်သာအသင်းသည် ခြောက်မိနစ်တွင် ချစ်ထွေး၊ ၄၃ မိနစ်တွင် နိုင်လင်းထက်သွင်းယူသည့်ဂိုးများဖြင့် ဦးဆောင် နိုင်သော်လည်း ပထမပိုင်းပြီးခါနီးတွင် ရွှေပြည်သာအသင်းမှ သောင်းဇော်မြတ် ကိုယ့်ဂိုးကိုယ်ဂိုးသွင်းမိသဖြင့် ချေပဂိုးတစ်ဂိုးပြန်ပေးခဲ့ရသည်။ ဒုတိယပိုင်းတွင် တက္ကသိုလ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများရရှိရန် အားထည့်ကစားလာရာ ၄၉၊ ၈၃ မိနစ်တွင် အောင်မြင့်မြတ်၊ ၇၃ မိနစ်တွင် ဇင်ဖြိုးအောင်တို့က ဂိုးများသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို တက္ကသိုလ်အသင်းမှ မြင့်နိုင်သူက ရရှိသည်။

ပွဲစဉ် (၁၂) ဒုတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ ကချင်ယူနိုက်တက်နှင့် ငွေကြေးယ်ပွင့်အသင်း၊ ပဒုမ္မာကွင်း၌ ဧရာဝတီရိန်းဂျားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-MNL

နာမည်ကြီး ဘရာဇီးနှင့် ဥရုဂွေးအသင်းတို့၏ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ

တောင်အမေရိကဒုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ် (၁၂) မှ ဘရာဇီးနှင့် ဥရုဂွေးအသင်းပွဲစဉ်ကို နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဘရာဇီးအသင်းသည် တောင်အမေရိကဒုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲ ပွဲစဉ် (၁၁) အပြီးတွင် နိုင်ပွဲ ငါးပွဲ၊ သရေ နှစ်ပွဲနှင့် လေးပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက် ဥရုဂွေးအသင်းက ခြေစွမ်းကောင်းပြသထားနိုင်သည့် အသင်းဖြစ်ပြီး နိုင်ပွဲ ငါးပွဲ၊ သရေ လေးပွဲနှင့် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ အဆိုပါ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ကြိမ်တွင် ဥရုဂွေး အသင်းက အသာရထားသည်။

ဘရာဇီးအသင်းသည် ပြီးခဲ့သည့် ဗင်နီဇွဲလားအသင်းနှင့်ပွဲစဉ်တွင် ခြေစွမ်းသာလွန်မှုရှိသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့်သာ ကျေနပ်ခဲ့ရသည်။ ပြိုင်ဘက် ဥရုဂွေးအသင်းက ကစားရခက်ခဲသည့် ကိုလံဘီယာအသင်းကို အကြိတ်အနယ်ကစားပြီး သုံးဂိုး - နှစ်ဂိုးဖြင့် နိုင်ပွဲရရှိထားသည်။

မည်သို့ပင်ဆိုစေ ခြေစွမ်းကောင်းပြသရန် ရုန်းကန်နေရသည့် ဘရာဇီးနှင့် ခြေစွမ်းကောင်းပြသထားနိုင်သည့် ဥရုဂွေးအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိသည်။

မိုးဇော်

❊ *ကျောဖုံးမှ*

ဂျာမနီအသင်းသည် အမှတ်ပေးဇယားကိုလည်း ရမှတ် ၁၃ မှတ်ဖြင့် ဦးဆောင်ထားနိုင်သည်။

ဂျာမနီအသင်းသည် ယခုပွဲစဉ်မတိုင်မီကတည်းက နေးရှင်းလိင်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းထားနိုင်သည့်အသင်း ဖြစ်သည်။ သို့သော်လည်း ဂျာမနီအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် အုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်လှမ်းရန် သေချာသွားခဲ့သည်။ ဂျာမနီအသင်းအတွက် သွင်းဂိုးများကို မူစီရယ်လာ၊ ကိန်းလ်ဒင်းနစ်၊ ဟာဗက်ဇ်၊ စစ်သ်နှင့် ဆာနေးတို့က သွင်းယူပေးခဲ့သည်။

ပြိုင်ဘက် ဘော့စနီးယားအသင်းက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် နေးရှင်းလိင် ငါးပွဲကစား ပြီးချိန်တွင် နိုင်ပွဲရယူထားနိုင်ခြင်း မရှိသေးဘဲ တစ်ပွဲသရေနှင့် လေးပွဲအထိ ရှုံးနိမ့်ထားကာ အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်လျက်ရှိသည်။



နယ်သာလန်တိုက်စစ်ကစားသမား ဝက်သ်ဟော့၏ ထိုးဖောက်တိုက်စစ်ဆင်ကစားမှုကို ဟန်ဂေရီကစားသမားများ ဟန့်တားစဉ်။

အဆိုပါ အုပ်စုမှ အခြားပွဲစဉ် ရလဒ်တွင် နယ်သာလန်က ဟန်ဂေရီကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ နယ်သာလန်အသင်း အတွက် သွင်းဂိုးများကို ဝက်သ်ဟော့နှင့် ဂတ်ဝိုတို့က သွင်းယူပေးခဲ့သည်။

အောင်ဇော်

မိုးညှင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘားအံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ဘိန်းဖြူနှင့်စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီ ၅၅ မိနစ်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင် ကျေးရွာအနီးတွင် စိုင်းသူရ(ခ)ရာဇာမြင့် မောင်းနှင်ပြီး မစိန်းမြနှင့် မမျိုးသူဇာလှိုင် (ခ) သူဇာလိုက်ပါလာသည့် သုံးဘီးဆိုင်ကယ်ကို စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် မိုးညှင်းမြို့ အောင်သပြေ (၁)ရပ်ကွက်တွင် ဂမ်ဒီး(ခ) ဂမ်အောင်အား စိတ်ကြွရှူးသွပ်ဆေးပြား ၂၈၅၀၀၊ TOYOTA HILUX SURF မော်တော်ယာဉ်တစ်စီးကို သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် သုမဓွာလမ်း သီရိရတနာလက်လီ / လက်ကားစျေးဝင်းရှိ အောင်မြင့်ဦး(ခ) အောင်ကြီးနှင့် မစိုးစိုးလှိုင်(ခ)မစိုးတို့၏ အခန်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၃၀၀၀၀၀ကိုလည်းကောင်း၊ ထို့ပြင် နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် မိသရောင်ကျေးရွာအုပ်စု နောင်ထီလားကျေးရွာရှိ မနန်းမြည့်နှိ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရှူးသွပ်ဆေးပြား ၄၆၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၈ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ကျော်ရဲအောင် (ခ)အောင်ဇေ မောင်းနှင်ပြီး ဝင်နိုင်လင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရာဖွေရာ အိုက်စ် (မက်သ်အဖက်တမင်း) ၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ဂမ်ဒီး(ခ)ဂမ်အောင်၊ မမျိုးသူဇာလှိုင်၊ မစိန်းမြ နှင့် စိုင်းသူရ(ခ)ရာဇာမြင့်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



အောင်မြင့်ဦး (ခ) အောင်ကြီး၊ မစိုးစိုးလှိုင်(ခ) မစိုး၊ မသီသီဆင့်(ခ) မဆင့်နှင့် မောင်စိန်ညွှန့် (ခ) ဆရာ (ခ) ကိုရခိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၇၄၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု နဝဒေးတံတား စစ်ဆေးရေးဂိတ်၌ ပြည်မြို့မှ ပန်းတောင်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်း အနှစ် ဂါလန် ၃၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၈၈၈၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Nissan Diesel ဆီသယ်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊





ပဲခူးတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၁၂ တန်၊ သစ်မာ ၈ ဒသမ ၇၀၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၄၀၅၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၈၁၂၈၅၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၃၀၂၅၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများနှင့် တရားမဝင်သယ်ဆောင်မှုများကြောင့် ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ အရည်အသွေးမပြည့်ဝသည့် ကုန်စည်များကြောင့် စားသုံးသူပြည်သူများအတွက် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်း တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

ယာဉ်အန္တရာယ်သတင်းများ

တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးသုံးဦး သေဆုံး၊ အမျိုးသား လေးဦးနှင့် အမျိုးသမီး ခြောက်ဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ နိုဝင်ဘာ ၁၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးသုံးဦးသေဆုံးပြီး အမျိုးသားလေးဦးနှင့် အမျိုးသမီးခြောက်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် နံနက် ၅ နာရီတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အောင်သပြေရပ်ကွက် ရွှေဘဏ္ဍာ ရောင်း/ဝယ်ရေးဆိုင်ရှေ့ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၀၆ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ရွှေညောင်)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အေးသာယာမြို့ဘက်မှ ရွှေညောင်မြို့ဘက်သို့ ရပ်စောက်မြို့ အမှတ်(၅)ရပ်ကွက်နေ မောင်ဦး(၂၃ နှစ်)မောင်းနှင်ပြီး မောင်ဦးပါ ၁၃ ဦး လိုက်ပါလာသည့် SHN-18 5P/----MITSUBISHI CANTER ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးတွင် ရပ်တန့်ထားသည့် မင်းလှမြို့နယ် ရွာသီကျေးရွာနေ အောင်ကိုဦး (၃၁ နှစ်) မောင်းနှင်ပြီး လှိုင်သာယာမြို့နယ်နေ ဖြိုးအောင် (၂၂ နှစ်) လိုက်ပါလာသည့် YGN-6 4M/----HINO ၂၂ ဘီးယာဉ်၏ နောက်ပိုင်းဝဲဘက်ခြမ်းကို ဝင်ရောက်တိုက်မိပြီး MITSUBISHI CANTER ယာဉ်ပေါ်လိုက်ပါလာသည့် ရပ်စောက်မြို့နယ် ရွှေဘုံသာကျေးရွာနေ မစန္ဒာအောင် (၁၇ နှစ်)၊ တစ်ရွာတည်းနေ မဝတ်ရည် (၂၇ နှစ်)နှင့် မတူး (၂၅ နှစ်) တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မောင်ဦးပါ အမျိုးသားလေးဦးနှင့် ရပ်စောက်မြို့နယ် ရွှေဘုံသာကျေးရွာနေ မမိုးမိုးအေး(၂၅)နှစ်ပါ အမျိုးသမီး ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မောင်ဦးအား ရွှေညောင်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

လယ်ဝေးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသား တစ်ဦး သေဆုံး

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ နိုဝင်ဘာ ၁၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် လယ်ဝေးမြို့နယ် ကံလှကျေးရွာ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ကျော်နိုင်ဦး(၃၂ နှစ်)သည် ကံလှ-ဈေးကုန်းကျေးရွာလမ်းအတိုင်း ကံလှကျေးရွာဘက်မှ ဈေးကုန်းကျေးရွာဘက်သို့ ဆိုင်ကယ်မောင်းနှင်လာစဉ် ကံလှကျေးရွာအထွက်ရောက်၌ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဘက်မှ တစ်ရပ်ကွက်တည်းနေ ဦးတိုးလှိုင်ဦး(၅၀ နှစ်)မောင်းနှင်လာသည့် ထော်လာဂျီကို ဝင်တိုက်မိခဲ့သဖြင့် ကျော်နိုင်ဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ကျော်နိုင်ဦးအား လယ်ဝေးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မရမ်းကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ နိုဝင်ဘာ ၁၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် ည ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇) ဒုတိယယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ ရွှေပြည်သာမြို့နယ် လှော်ကားရေလှောင်ကန်ဝင်းနေ မြတ်ကျော်သူ (၄၃ နှစ်) မောင်းနှင်လာသောဆိုင်ကယ်သည် ခဝဲခြံကားမှတ်တိုင်အနီး အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးသူ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဒေါ်သိန်းလှ (၆၄ နှစ်) အား ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်သွားခဲ့သဖြင့် ဒေါ်သိန်းလှတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားကာ မြတ်ကျော်သူတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မြတ်ကျော်သူအား ဘုရင့်နောင်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ဘီးလင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ နိုဝင်ဘာ ၁၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် သထုံဘက်မှ ကျိုက်ထိုဘက်သို့ ဇမ္မူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်နေ ကျော်ကျော်ဝင်း (၃၈ နှစ်) မောင်းနှင်လာသည့် YGN-3 6H-----TOYOTA SUCCEED အဖြူရောင်ယာဉ်ကိုစစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ကျော်ကျော်ဝင်း အား ဘီးလင်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

တနသံာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ နိုဝင်ဘာ ၁၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ဘုတ်ပြင်းမြို့နယ် ကရသူရိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဘုတ်ပြင်း-ကော့သောင်းသွားကားလမ်း၌ ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ဘုတ်ပြင်းမြို့ဘက်မှ ကော့သောင်းမြို့ဘက်သို့ ကဒိုင်းကျေးရွာနေ ဝင်းဇော် (၅၀ နှစ်) မောင်းနှင်လာသည့် YGN/2L-----PROBOX အဖြူရောင်ယာဉ်ကို စစ်ဆေးရာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဝင်းဇော်အား ကရသူရိနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား


(၁)ကြိမ်မြောက် 5Digits အောင်ဘာလေအွန်လိုင်းသိန်းဆုထိ
ဆတို့ဆုကြီး jackpot ကျပ်သိန်း (၅၀၀) ကံထူးရှင်ကြီး ပေါ်ထွက်ခဲ့ပါပြီ။
5 Digits Online Lottery
ဆတို့ဆုကြီး jackpot (၁)ဆု
သိန်း ၁၀၀ ဆုကြီး (၄)ဆု
သိန်း ၅၀ ဆုကြီး (၄)ဆု
၁၀ သိန်းဆု (၂)ဆု
လေလောင်းဆာလေဘာ ကျပ် (၁)သိန်း (၄၀၀)ဆု
လေလောင်းဆာလေဘာ ကျပ် (၅)သောင်း (၂၀၀၀)ဆု
(၁)ကြိမ်မြောက် 5 Digits အောင်ဘာလေအွန်လိုင်းသိန်းဆုထိ ရောင်းရငွေ၏ ၇၀ ရာခိုင်နှုန်းကို Jackpot ထိဆုကြီး အပြင် ထိဆုပေါင်း ၂၄၁၁ ဆုအထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။
Scan Me

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/24189 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သင်း ၇/ပခန(နိုင်)၁၉၁၆၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/74235, Kenbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော်ထက် ၁၄/သပန(နိုင်)၀၈၈၅၉၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/51159, Canda-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းအေး ၁၄/ရကန(နိုင်)၁၅၀၅၆၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနှိပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် ၁၀၉-က/၉(ခဲစင်း)၊ (၂၁x၂၂)လမ်းကြား၊ ၆၃x၆၄လမ်းကြားရှိ ဒေါ်တင်နှင်းလှိုင်၊ ဒေါ်ဝင်းဝင်းလှိုင်၊ ဦးအောင်ဇင်လှိုင်၊ ဒေါ်ခင်ဥမ္မာလှိုင်(ခ) ခင်စိုးတင့်၊ ဒေါ်မိုမိုလှိုင်၊ ဒေါ်ခင်စန္ဒာအောင်၊ ဦးစိုးဝေအောင်၊ ဦးစွမ်းထက်အောင်တို့(၈)ဦး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၉၆၅/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်စန္ဒာအောင်၊ ဦးစိုးဝေအောင်၊ ဦးစွမ်းထက်အောင် (၎င်းတို့၏ GP ရရှိသူ ဒေါ်ဝင်းဝင်းလှိုင်)၊ ဦးအောင်ဇင်လှိုင်၊ ဒေါ်ခင်ဥမ္မာလှိုင်(ခ)ဒေါ်ခင်စိုးတင့် (၎င်းတို့၏ GP ရရှိသူ ဒေါ်ဝင်းဝင်းလှိုင်က ၎င်းကိုယ်တိုင်နှင့်အတူ) ဒေါ်မိုမိုလှိုင်၊ ဦးစွမ်းပြည့်လင်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၃၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးသီဟ ၉/ပကခ(နိုင်)၀၀၆၈၉၄ က အမှုတွဲအမှတ် (၄၉၈၂/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးနေဝင်းဟန် (၉/ရမသ(နိုင်)၁၃၅၇၃၉) နှင့် ကျွန်မ ဒေါ်နန်းအိအိဖြိုး (၉/ရမသ(နိုင်) ၁၃၅၅၃၇)တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဖက်သော လူကြီး မိဘများရှေ့တွင် နှစ်ဦး သဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပြီးဖြစ်ပါသည်။

ဦးနေဝင်းဟန် (၉/ရမသ(နိုင်) ၁၃၅၇၃၉)၊
ဒေါ်နန်းအိအိဖြိုး (၉/ရမသ(နိုင်) ၁၃၅၅၃၇)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/ ၁၆၊ အုဖွိုလ်ကျင်း)၊ ဦးပိုင်အမှတ်(၁၀၁/ခ)၊ မြေဧရိယာ(၀၁သမ၁၃၈)ဧကရှိ မြေ သည် ဒေါ်သန်းကြည်အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No.52 V of 1970 -71(30 Years)မြေငှားဂရန်သက်တမ်းမှာ (၄-၂-၁၉၇၄)မှ (၃-၂-၂၀၀၄)ရက်ထိ ဖြစ်ကြောင်း၊ အဆိုပါ ဂရန်မြေကွက်အား (၇-၆-၂၀၀၀)ရက်တွင် ဒေါ်သန်းကြည်မှ ဒေါ်ခင်မျိုးဝင်းသို့လည်းကောင်း (၂၅-၁၁-၂၀၀၇) ရက်တွင် အဆိုပါ မြေကွက် အတွင်းမှ ဧရိယာ(၀၁သမ၀၉၇)ဧကအား ဒေါ်ခင်မျိုးဝင်းမှ ဒေါ်စန္ဒာသို့လည်းကောင်း (၁၉-၇-၂၀၂၃)ရက်တွင် ဒေါ်စန္ဒာမှ ဦးကျော်မင်းသူ၊ ဦးယဉ်မင်းစိုးတို့သို့လည်း ကောင်း အရပ်ကတိ စာချုပ်များဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး (၂၃-၈-၂၀၂၄) ရက်တွင် ဦးကျော်မင်းသူ၊ ဦးယဉ်မင်းစိုးတို့မှ ယင်းမြေကွက်အား လက်ရှိစီမံအကျိုး ခံစားနေသည်မှာ မှန်ကန်ကြောင်း စစ်ကိုင်းခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆို၍ (၁၂-၉-၂၀၂၄)ရက်တွင် ဦးကျော်မင်းသူ၊ ဦးယဉ်မင်းစိုးတို့မှ ဒေါ်လွင်လွင်ဆွေ ၅/ စကန(နိုင်) ၁၄၈၆၇၆သို့ တရားဝင်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချ ခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်တင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားရှိ ခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လွင်လွင်ဆွေအမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့် ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊
စစ်ကိုင်းမြို့

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၉)နေ ဦးအောင်မင်းခန့် ၉/ပဥလ(နိုင်) ၀၄၂၃၀၇၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့်ပတ်သက်၍ ဆက်သွယ်ရေးကွန်ရက်တွင်အသုံးပြုလျက်ရှိသည့် Facebook, Messenger, Telegram, Viber, Phone Massage, Phone Call များမှတစ်ဆင့် စိတ်အနှောင့်အယှက်ဖြစ်စေပြီး ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန်၊ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးစေရန်၊ မိသားစုဘဝထိခိုက်နစ်နာစေရန်နှင့် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သရေညှိုးနွမ်းနာမည်ပျက်ပြားစေရန်ရည်ရွယ်၍ မဟုတ်မမှန်သော အကြောင်းအရာများကို ရေးသားဖော်ပြခြင်း၊ ဖုန်းဖြင့် နှောင့်ယှက်ပြောဆိုခြင်း၊ နည်းအမျိုးမျိုးဖြင့်ဖြန့်ဝေခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေ ဖြစ်သူထံမှ သိရပါသည်။ ကျွန်ုပ်မိတ်ဆွေကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်ဆက်နွယ်လျက်ရှိသော မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းကိုဖြစ်စေ အများသူငှာအထင်အမြင်လွဲမှားစေပြီး ဂုဏ်သိက္ခာကျဆင်းစေမည့် ပြုလုပ်ချက်များကို လူမှုကွန်ရက်မှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်မှဖြစ်စေ၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဆင့်ပြန်လည် ဖြန့်ဝေခြင်း၊ မှတ်ချက်များဝင်ရောက်ရေးသားခြင်းများကိုလုံးဝမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ထားပါက ပြန်လည်ရုပ်သိမ်းဖျက်သိမ်းပေးပါရန် တင်းတင်း ကြပ်ကြပ်တားမြစ်အသိပေးလိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဆက်လက်ရေးသားဖော်ပြခြင်း၊ ဖုန်းဖြင့်ဆက်သွယ်နှောင့်ယှက်ပြောဆိုခြင်းများရှိပါက မည်သူ့ကိုမဆိုတည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်သူရဦး
အထက်တန်းရှေ့နေ(စဉ်-၅၃၇၆၅/၂၀၂၀)
ရပ်ကွက်ကြီး(၁၉)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၅၅၈၁၈၀

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ သော်ကမြိုင်(၆)လမ်း၊ အမှတ်(၁၃၃၇/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၁၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လဲ့လဲ့ခိုင် ၁၂/ဒဂဆ(နိုင်) ၀၃၂၆၄မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဇင်မာဝေ(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၇)
အမှတ်(၂၃/ခ)၊ တောရကျောင်း(၁)လမ်း၊ မြောက်ပိုင်းရပ်ကွက်၊
ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၉၇၈၈၉၄၀၄၉

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ ခရိုင်(၁၄)ခရိုင်ရှိမြို့နယ်များတွင်ကန်ထရိုက်တိုက်များ ဓာတ်အားရရှိရေးအတွက်ထရန်စဖော်မာများ၊ထရန်စဖော်မာဆက်စပ်ပစ္စည်းများနှင့် ၀.၄ ကေဗွီကောင်းကင်ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၈.၁၁.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါဝိတ်ရက်မှာ(၃.၁၂.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ် အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပုံစံ(၈)ဝင် ကျွန်း (သစ်လုံး/ခွဲသား/(၃)ပေအောက်သစ်လုံး)အား ရောင်းချရန် လေလံကြော်ငြာ

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ သစ်တောဦးစီးဌာနများရှိ ပုံစံ(၈)ဝင် ကျွန်းသစ်လုံး(၂၂)လုံး (၁.၇၂၂)တန်၊ ကျွန်းခွဲသား(၁၀၃)ချောင်း (၈.၈၅၅၂)တန်နှင့် လုံးပတ်(၃)ပေ အောက်ကျွန်းသစ်လုံး(၃၇)လုံး (၁.၇၁၆)တန်၊ စုစုပေါင်း (၁၆၂)လုံး/ချောင်း(၁၂.၂၉၃၂)တန်အား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနမှ တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်စက်သေး/စက်ကြီး/အချောထည်စက်၊ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်အသင်းဝင်များနှင့် မြန်မာနိုင်ငံပရိဘောဂလုပ်ငန်းရှင် အသင်းဝင်များကိုသာ လေလံဆွဲဝယ်ယူခွင့်ပြုမည် ဖြစ်ကြောင်း ကြေညာပါသည်။

လေလံအစီအစဉ်

နေ့ရက် - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ ၂၂ ရက်
အချိန် - နံနက် (၁၀:၀၀)နာရီ
နေရာ - **ရတနာသစ်ခန်းမ၊ ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ကြီး)**

၂။ လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တောင်ကြီးခရိုင်တွင် (၁၈-၁၁-၂၀၂၄)ရက်မှ(၂၁-၁၁-၂၀၂၄)ရက်အတွင်း ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၁၁၄၆၊ ၀၈၁-၂၁၂၂၂၈၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၇၉၇/ ရွာထောင်အရှေ့)၊မြေကွက်အမှတ်(၂၀)၊မြေဧရိယာ(၀.၁၄၈)ဧကရှိမြေသည် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏(၂၆-၆-၂၀၂၃)ရက်စွဲပါ အမိန့်အမှတ်(၃/၂၀၂၃)အရ ပါရမီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အမည်ဖြင့် မြေပေးမိန့်ခွင့်ပြုချထားပေးခဲ့ပါသည်။ ယခုအခါ မြေပေးမိန့်ရရှိသူ ပါရမီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး (ကိုယ်စား ဦးခင်ဇော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်မှလျှောက်ထားသည်)အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/26807 ယာဉ်အမည်ပေါက်သူ ဒေါ်ခင်သန်းနွဲ့ ၇/အတန(နိုင်)၀၀၁၁၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/99332 ယာဉ်အမည်ပေါက်သူ ဦးကျော်ညွန့် ၇/အတန(နိုင်)၀၄၂၉၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/52789, Honda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ထွန်းကြည် ၃/ဘအန(နိုင်)၁၆၇၀၆၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(သရက်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MGY/11295, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကျော် ၈/မတန(နိုင်)၀၀၂၁၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၄၀၈(A)၊ တောင်သူစုကွင်း၊ ၂/ကရဝ်ကွက်၊ ဥက္ကာလမ်း၊ မြေကွက်အမှတ်-၄၃ဟု ခေါ်တွင်သော (အလုပ်ပေဌာနအနှစ်ပေဖော) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေဈေးရင်းတွင် ခေါ်ဝင်မကြည်သ အမည်ပေါက်မှတ်သားတည်ဆိုပြီး ၎င်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီး လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ပြုံးပြုံးကြည် ၁၂/ရုကန(နိုင်)၀၄၉၉၈၉ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုသူများနှင့် ပိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများမှလွဲ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းဆွေ တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၈)
အမှတ်(၈၅)၊ စိန်ပန်းမြို့ငယ်မိ၊ ပုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၉၂၀၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၄၀၈(A)၊ တောင်သူစုကွင်း၊ ၂/ကရဝ်ကွက်၊ ဥက္ကာလမ်း၊ မြေကွက်အမှတ်-၄၃ဟု ခေါ်တွင်သော (အလုပ်ပေဌာနအနှစ်ပေဖော) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေဈေးရင်းတွင် ခေါ်ဝင်မကြည်သ အမည်ပေါက်မှတ်သားတည်ဆိုပြီး ၎င်းထံမှ အရောင်း အဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီး လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ပြုံးပြုံးကြည် ၁၂/ရုကန(နိုင်)၀၄၉၉၈၉ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုသူ များနှင့် ပိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများမှလွဲ၍ ကန့်ကွက်လိုသူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းဆွေ တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၈)
အမှတ်(၈၅)၊ စိန်ပန်းမြို့ငယ်မိ၊ ပုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၉၂၀၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ စက္ကဝတ်(၁)လမ်း၊ မြေကွက်အမှတ်(၃၈၅)၊ ဒေါ်မြခိုင်အမည်ပေါက် နှစ်(၆၀) ဂရန်မြေ၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက် အကျယ်အဝန်း(၁၀x၆၀)ပေရှိ မြေကွက်အား ဆက်ဝင်စာချုပ်များဖြင့် လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့် ရှိကြောင်း ဂန်ဒံကတိပြုသူ ဒေါ်သွယ်သွယ်ထွန်း ၁၂/ဥဂမ (နိုင်)၂၂၆၇၉၈ နှင့် ဒေါ်အိအိခိုင် ၁၂/ဥဂမ(နိုင်)၀၆၉၃၉၃တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယုယုဆွေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၇၉/၂၀၁၅)
အမှတ်(၄၈၃)၊ ဖြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၂၁၂၀၄၆၊ ၀၉-၇၈၆၅၃၆၆၇၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

